yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၇)ရက် ၊ သောကြာနေ့ ၊ (4-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၃၉)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်




နေပြည်တော် ဧပြီ ၃

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းစတက်အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများအား ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များအား ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က ကြိုဆိုနှုတ်ဆက်စဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ထိုင်းနိုင်ငံသို့ ထွက်ခွာ** စာမျက်နှာ- ၁၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့် တွေ့ဆုံဆွေးနွေး** စာမျက်နှာ- ၁၇

ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ

ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၄ ရက်
အယ်ဒီတာ့အာဘော်

# လျှင်ဘေးဒဏ်သင့်ဒေသများအတွက် လှူဒါန်းမှုတွင်ပါဝင်

ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ လှူဒါန်းလျက်ရှိရာတွင် ပြည်တွင်းအလှူရှင်များသာမက ပြည်ပနိုင်ငံများကလည်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းကြသဖြင့် ကျေးဇူးတင်ဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ၌ ယခုနှစ် မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်နှင့်နောက် ဆက်တွဲလျင်ငယ်များလှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသ ကြီးတို့၌ ငလျင်ဒဏ်သင့်ခဲ့ရသည်။ ငလျင်ဒဏ်ကြောင့် လမ်း၊ တံတား၊ အဆောက်အအုံများ ထိခိုက် ပျက်စီးခဲ့ရကာ ပြည်သူတချို့ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လျက်ရှိပေသည်။

ယခုဖြစ်ပေါ်လျက်ရှိသည့် ငလျင်သဘာဝဘေးတွင် သေဆုံးခဲ့ရမှုများ၊ ဒဏ်ရာရရှိခဲ့မှုများနှင့် အပျောက်အဆုံးများရှိခဲ့သည်။ ဧပြီ ၂ ရက် ညနေ ၆ နာရီထိ ကနဦးစာရင်းများအရ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူ ၃၀၀၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၁၅ ဦး၊ ပျောက်ဆုံးနေသူ ၃၅၁ ဦးရှိကြောင်း သိရသည်။ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်အနေဖြင့် ဘီလီယံ ၅၀၀ ကို မတည်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နေရာများတွင် ကနဦးအနေဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ ဒုတိယပိုင်းအနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံး ယခင်အတိုင်း ပြန်လည်သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ခြင်း၊ တတိယပိုင်းအနေဖြင့် ပြိုကျနေဆဲဖြစ်သည့် အန္တရာယ်ရှိ အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ထိုမှတစ်ဆင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်ဖြစ်ပေသည်။

ယခုအခါ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဧပြီ ၁ ရက်က နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ငွေသား ၁၀၄ ဒသမ ၄၄ ဘီလီယံ၊ အလှူပစ္စည်း ၁၂ ဒသမ ၄ ဘီလီယံ စုစုပေါင်း ၁၁၆ ဒသမ ၈၄ ဘီလီယံလက်ခံရရှိခဲ့ပါသည်။ အလားတူပြည်ပနိုင်ငံများကလည်း ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိပါသည်။

ယခုကဲ့သို့ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စာနာထောက်ထားမှုအပြည့်ဖြင့် လာရောက်လှူဒါန်းမှုပြုကြ သည့် စေတနာရှင်၊ အလှူရှင်များကို ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်းနှင့် ပြည်တွင်း၊ ပြည်ပ စေတနာရှင်၊ အလှူရှင်များအနေဖြင့်လည်း ဆက်လက်ပါဝင်လှူဒါန်းနိုင်ပါကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရပေသည်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဧပြီ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၇၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒီဘက်ကနေ ဆန်ကွဲအိတ်တွေအပါအဝင် တင်ပို့တဲ့ကုန်စည်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို မတ်လအတွင်း ဝယ်ယူမှုများပြားခဲ့ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ ဆန်ကွဲ အရည်အသွေးတော့ ကောင်းဖို့လိုအပ်ပါတယ်" ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဆန်၊ စပါး ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ အဆင်ပြေလျက်ရှိကြောင်း ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ




**မန္တလေး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mongkol Visitstump နှင့် အဖွဲ့ကို ဧပြီ ၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ခံတွေ့ဆုံရာသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mongkol Visitstump က အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး ဧရိယာအတွင်းဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် ပတ်သက်၍ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအကူအညီပေးရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်သည့်အကူအညီများပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ၊ နိုင်ငံတကာမှ လူသားချင်း စာနာထောက်ထားမှုအကူအညီပေးနေမှုများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ယခုကဲ့သို့ လာရောက်အားပေး ကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး နှစ်ဦးနှစ်ဖက်ဆွေးနွေးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ဧက ၁၀၀၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ထီးချိုင့် ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ဧက ၁၀၀၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေထောက်ပဲ ၁၇၂၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၀၀၈၀ ထိ ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မြေထောက်ပဲ ၁၇၂၈၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိအချိန်မှာ ဧက ၁၀၀၈၀ ထိ ရိတ်သိမ်း ပြီးစီးနေပြီဖြစ်ပါတယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် မြေထောက်ပဲစိုက်တောင်သူများအနေဖြင့် မြေထောက်ပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိသောကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး




**မန္တလေး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားမှုကြောင့် ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတကာမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုအင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများ ရှင်းလင်းရေး၊ အန္တရာယ်ရှိအဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းရေးများကို အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ မဆောင်ရွက်မီ၊ ဆောင်ရွက်စဉ်နှင့် ဆောင်ရွက်ပြီး အချက်အလက်များနှင့် မှတ်တမ်းမှတ်ရာဓာတ်ပုံများကို စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်သွားရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ထူးခြားမှုဖြစ်စဉ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ချက်ချင်း တင်ပြသွားရန် အလေးထား ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးအကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ဥရောပအာရှ အဖျော်ယမကာ ကုမ္ပဏီလီမိတက်(EABC Co.,Ltd) က အလှူငွေကျပ်သိန်း ၂၀၀၀ တိတိကို လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လက်ခံ၍ ကျေးဇူးတင် စကားပြောကြားပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းသတင်း ရရှိသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ တမ္ပဝတီတာမိုးရပ်နေ ဒေါ်တင်တင်အေး ရွှေတံတားရွှေဆိုင်မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မြောင်မြို့နယ်တွင် မြေပဲ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ၇၄ ဒသမ ၀၄ တင်းထွက်ရှိ

**စစ်ကိုင်း ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ရာနှုန်းပြည့် နုတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင်၇၄ ဒသမ ၀၄ တင်း ထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၈၅၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲ ၁၈၅၉၅ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန် စိုက်ခင်းများအတွင်း ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သိရသည်။

မြောင်မြို့နယ်တွင် မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# လင်းခေးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**လင်းခေး ဧပြီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ နမ့်နေ်ာကျေးရွာနှင့် နောင်တောင်ကျေးရွာတို့အတွက် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၂ ရက် နံနက်ပိုင်းက နမ့်နေ်ာကျေးရွာ၌ ကျင်းပပြုလုပ် ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက အမှာစကား ပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၄ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း တာဝန်ခံဝန်ထမ်းက နမ့်နေ်ာကျေးရွာနှင့် နောင်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၄ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ရေကြည် ဧပြီ ၃**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ်မှ နဂါးမောက်သီး စိုက်ပျိုးရေးနှင့်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် နဂါးမောက်သီးများကို ယခုနှစ် မတ်လ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် နဂါးမောက်သီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ နဂါးမောက်သီးများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းနေကြောင်း သိရသည်။

''ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဒေသထွက် လယ်ယာထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ဒီဘက်က နဂါးမောက်သီးအရောင်းအဝယ်သမားတွေက နဂါးမောက်သီးကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ရန်ကုန်ဈေးကွက်ကို မတ်လထဲမှာ နဂါးမောက်သီးတွေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်ဘက်မှာ လက်ရှိနဂါးမောက်သီးတွေ စတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်''ဟု ရေကြည်မြို့နယ် နဂါးမောက်သီး စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြသည်။

ရေကြည်မြို့နယ်တွင် တောင်သူတစ်ဦးလျှင် နဂါးမောက်တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါ ဒေသထွက် နဂါးမောက်သီးများ အရောင်းအဝယ် ကောင်းမွန်နေသဖြင့် ယခုနှစ် နွေကာလတွင် နဂါးမောက်ဧကများ ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေကြည်မြို့နယ် နဂါးမောက်သီး စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းများ တိုးပွားကြပါစေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

အခြေခံပညာကျောင်းများ ပိတ်သည်နှင့် တစ်ပြိုင်နက် သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာ သင်တန်းများကို မြို့နယ်နှင့်ရပ်ကွက်တချို့တွင် ဖွင့်လှစ်ပို့ချခဲ့ကြပါသည်။ အချို့မြို့နယ်များကစကာ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အခြေခံအဘိဓမ္မာ ဘာသာရပ် ဖြေဆိုပွဲများကိုပင် ကျင်းပခဲ့ကြသည်။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းများ၏ရည်ရွယ်ချက်အနှစ်ချုပ်မှာ **"မြန်မာ့ယဉ်ကျေးမှုနှင့်အညီ၊ ကျင့်ကြံနေထိုင်သွားကြပြီး အမျိုးဘာသာသာသနာကို စောင့်ရှောက်တတ်သည့် နိုင်ငံ့သားကောင်းသမီးမွန်ကလေးများ တိုးပွားပေါ်ထွန်းလာစေရန်**"ဖြစ်သည်။

**"လူတော်ဖြစ်ဖို့ ပညာရေးနှင့်ပျိုးထောင်စို့"**

**"လူကောင်းဖြစ်ဖို့ ဘာသာရေးနှင့် ပျိုးထောင်စို့"**

ဟူသောဆိုစကားရှိရာ ရိုင်းစိုင်းနေသူများကို ယဉ်ကျေးသိမ်မွေ့လာစေရန်၊ ဘာသာရေးနှင့်လေ့ကျင့်ပျိုးထောင်ပေးကြရန် အထူးပင်လိုအပ်လှသည်။

ထို့ကြောင့် ၃၈ ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာ သင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်များတွင် နယ်ပယ်ဒေသအသီးသီး၌ **"ယဉ်ကျေးလိမ္မာသင်တန်းများ" "ဗုဒ္ဓစာပေမင်္ဂလာသင်တန်းများ"** နှင့် **"အဘိဓမ္မာသင်တန်းများ"** ဖွင့်လှစ်ပေးခဲ့ကြသည်။

**"ကျင့်ကြံသူများ၊ ချမ်းသာပွား၊ တရားမင်္ဂလာ။ ရိုင်းပျသူတွေ၊ ယဉ်ကျေးစေ၊ သင်လေမင်္ဂလာ" "တို့သာသနာ၊ တို့ဘာသာကို၊ မျက်နှာလွှဲထား၊ မကြိုးစားက၊ တို့များဘာသာ၊ ဆုတ်ယုတ်မှာမို့၊ ဘာသာတရား၊ တည်တံ့ပွားအောင်၊ တို့များညီညာ၊ လက်တွဲကာဖြင့်၊ မင်္ဂလာတရား၊ စာပေများကို ၊ သင်ကြားကျင့်သုံးကြပါစို့"**

**"ဗုဒ္ဓစာပေမင်္ဂလာသင်တန်းများ"** နှင့် **"အဘိဓမ္မာသင်တန်းများ"** ကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနေသော မအူပင်မြို့၊ **"လေးအိမ်စုဆရာတော် အရှင်ဝိစိတ္တာသာရ"** စီစဉ်ထားသည့် **"စကားလက်ဆောင် တရားလက်ဆောင်"** စာအုပ်ကလေးထဲမှ လှုံ့ဆော်ချက်မှာ လေးနက်ထိရောက်လှသည်။

ယနေ့ကလေးငယ်များ၏ ပညာရေးက ကျောင်းသင်ရိုးပြဋ္ဌာန်းစာကလွဲ၍ အခြားလူမှုရေးဘက်တွင် အားနည်းလွန်းလှသည်။ ဘာသာရေးနှင့်ကလည်း စိမ်းနေဝေးနေကြလေရာ မြန်မာ့ရိုးရာယဉ်ကျေးမှု တဖြည်းဖြည်းပျောက်ကွယ်သွားမှာကိုပင် စိုးရိမ်ဖွယ်ရာကောင်းနေသည်။

**"မြန်မာအဘိဓာန်"** တွင် **"ယဉ်ကျေးမှု"**ကို **"သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း"** စသည်တို့ကို ခေါ်ဆိုသည်ဟု ရှင်းလင်းဖော်ပြထားသည်။ ယနေ့ မြန်မာ့ယဉ်ကျေးမှုကို ကြည့်ပါက အချို့မှာဓလေ့ထုံးတမ်းများကို မျက်ကွယ်ပြုလာကြသောကြောင့် ကျောက်ခေတ်လူရိုင်းများနှင့်မခြား ရိုင်းစိုင်းနေကြလေပြီ။ ရိုင်းစိုင်းနေကြရာတွင် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်၊ အသွားအလာ၊ ဝတ်စားဆင်ယင်မှုကအစ မသတီစရာ၊ အော့နှလုံးနာစရာ၊ အော်ဂလီဆန်စရာ၊ မနှစ်မြို့စရာ မြင်တွေ့နေကြရသည်။

ဟီရိသြတ္တပ္ပ အရှက်အကြောက်တရားမရှိကြတော့ဘဲ ထင်ရာစိုင်း၊ ရမ်းကားဖောက်ပြားနေကြလေရာ မြန်မာလူမျိုးလား၊ နိုင်ငံခြားသားလား၊ ခွဲခြားသိရန်ပင် ခက်ခဲလာသည်။ အရိုးကိုအရွက်ဖုံးလာကြသောအခါ ရွံမုန်းနာကြည်းစရာကောင်းလာသည်။

ယခုလက်ရှိအချိန်တွင် "ယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်းများအပြင် ကျောင်းဖွင့်ချိန်များမှာ နိုင်ငံအနှံ့အပြားတွင် **"လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲများ"**ကို တက်ကြွစွာ ကျင်းပနေကြလေရာ မင်္ဂလာရှိလှပါပေသည်။

လူငယ်အသိပညာပေး ဟောပြောပွဲများတွင် လူငယ်များ၏ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဗလငါးတန်ပြည့်ဝရေး၊ စာရိတ္တကောင်းမွန်ရေး၊ ပြည်သူ့နီတိကျင့်ဝတ်နှင့် စံနှုန်းများကို လေးစားလိုက်နာသည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်ပွားများရေးအကြောင်းခြင်းရာများ ပါရှိကြသည်။ ထိုသို့သော

**❖သုံးဆယ့်ရှစ်ဖြာမင်္ဂလာယဉ်ကျေးလိမ္မာသင်တန်းများ၏ရည်ရွယ်ချက်အနှစ်ချုပ်မှာ "မြန်မာ့ယဉ်ကျေးမှုနှင့်အညီ၊ ကျင့်ကြံနေထိုင်သွားကြပြီး အမျိုးဘာသာသာသနာကိုစောင့်ရှောက်တတ်သည့် နိုင်ငံ့သားကောင်းသမီးမွန်ကလေးများ တိုးပွားပေါ်ထွန်းလာစေရန်" ဖြစ်သည်။ "လူတော်ဖြစ်ဖို့ ပညာရေးနှင့်ပျိုးထောင်စို့" "လူကောင်းဖြစ်ဖို့ ဘာသာရေးနှင့် ပျိုးထောင်စို့"ဟူသောဆိုစကားရှိရာ ရိုင်းစိုင်းနေသူများကို ယဉ်ကျေးသိမ်မွေ့လာစေရန်၊ ဘာသာရေးနှင့်လေ့ကျင့်ပျိုးထောင်ပေးကြရန် အထူးပင်လိုအပ်လှသည်။❖**

အကြောင်းခြင်းရာများပါရှိစေသော အကြောင်းရင်းမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၃ ပါ ပြဋ္ဌာန်းချက်အရဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၃ တွင် **"နိုင်ငံတော်သည် လူငယ်များကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်"**ဟူသော နိုင်ငံတော်အခြေခံမူကို ပြဋ္ဌာန်းထားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း ဦးတည်ချက် ၉ ရပ် ချမှတ်ထားရာ လူမှုရေးဦးတည်ချက်ထဲတွင် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူသောဦးတည်ချက်ကိုချမှတ်ပြီး လက်တွေ့ကာယကံမြောက်ထိရောက်စွာ အကောင်အထည်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်လူငယ်ရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားခဲ့ပြီး လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

အဆိုပါလူငယ်ရေးရာမူဝါဒနှင့်အညီ လက်တွေ့ဆောင်ရွက်သွားနိုင်ရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဓိကကဏ္ဍ ၁၆ ရပ်ကို ချမှတ်ခဲ့သည်။

အဓိကကဏ္ဍ ၁၆ ရပ်အနက် **"ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ"** သည် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအကြောင်းတရားဖြစ်သည်။

ယနေ့ ကျောင်းသား၊ ကျောင်းသူလူငယ်တချို့သည် **"ပြည်သူ့နီတိကျင့်ဝတ်များ"**ကို မသိကြသကဲ့သို့ **"ပြည်သူ့နီတိကျင့်ဝတ်များ"**လည်း လုံးဝမရှိကြတော့ပေ။

စာရိတ္တနှင့်ပြည်သူ့နီတိ သင်ကြားခြင်း၏ ယေဘုယျရည်ရွယ်ချက်များမှာ-

၁။ နိုင်ငံချစ်စိတ်၊ ဇာတိမာန်နှင့် မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်

၂။ လူကြီး၊ မိဘ၊ ဆရာသမားများကို ရိုသေလေးစားတတ်စေရန်

၃။ ရိုးသား၍ ယဉ်ကျေးစွာ ပြုမူနေထိုင်ပြောဆိုတတ်စေရန်

၄။ ပညာပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းမွန်စေရန်

၅။ ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုး တန်ဖိုးထားထိန်းသိမ်းရန်နှင့် ယဉ်ကျေးစွာဆက်ဆံတတ်စေရန်

၆။ သန့်ရှင်းကျန်းမာအောင် နေထိုင်တတ်စေရန်

၇။ တာဝန်သိ၍ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူများဖြစ်လာစေရန်

၈။ စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးလာစေရန်

၉။ အများနှင့် စုပေါင်းလုပ်ဆောင် နေထိုင်တတ်စေရန်

၁၀။ အများအကျိုးဆောင်ရွက်သည့် စိတ်ဓာတ်ဖွံ့ဖြိုးရင့်သန်စေရန်

၁၁။ တရားဥပဒေနှင့်စည်းကမ်းကို ရိုသေထိန်းသိမ်းလိုက်နာတတ်စေရန်

၁၂။ ပြည်သူပြည်သားကောင်း၊ နိုင်ငံသားကောင်းများ ဖြစ်လာစေရန်ဟူ၍ဖြစ်ပါသည်။

**စာရိတ္တနှင့် ပြည်သူ့နီတိ**

**စာရိတ္တ**ဆိုသည်မှာ ကိုယ်ကျင့်တရားဖြစ်ပြီး **ပြည်သူ့နီတိ**မှာ ပြည်သူများ လိုက်နာဆောင်ရွက်ရန် ကျင့်ဝတ်ဖြစ်သည်။ ထို့ကြောင့် စာရိတ္တနှင့်ပြည်သူ့နီတိသည် တစ်သားတည်း ဒွန်တွဲဆက်စပ်နေသည်။ အပြန်အလှန်အကျိုးပြုနေသည်။ ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ နေထိုင်ကျင့်ကြံကြမှသာလျှင် စာရိတ္တကောင်းမွန်သူဖြစ်လာနိုင်သည်။ စာရိတ္တကောင်းမွန်သူဖြစ်မှလည်း နီတိကျွမ်းကျင်သောပြည်သူဖြစ်လာနိုင်သည်။ ထို့ကြောင့် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်ကိုတွဲဖက်ပြီး ရေးဆွဲပြဋ္ဌာန်းပို့ချသင်ကြားနေကြခြင်းဖြစ်သည်။ စာရိတ္တနှင့်ပြည်သူ့နီတိကျင့်ဝတ်များ၏ အဓိကပင်မ မဏ္ဍိုင်မှာ (၃၈)ဖြာမင်္ဂလာဖြစ်သည်။ (၃၈) ဖြာမင်္ဂလာတွင် အသေဝနာ စဗာလာနံ- လူမိုက်နှင့် မပေါင်းသင်းနှင့်။ ပဏ္ဍိတာနဉ္စသေဝနာ- လူလိမ္မာနှင့်ပေါင်းသင်းပါ။ ပူဇာစပူဇနေယျာနံ= ပူဇော်ထိုက်သူကိုပူဇော်ပါဟူ၍ **"ဆက်ဆံရေးမင်္ဂလာသုံးပါး"** ရှိရာ "လူမိုက်ဆိုလျှင်၊ ရှောင်သွေလွဲလို့ မမှီဝဲနဲ့ကင်းအောင်နေ။ ပညာရှိကိုအရှည်တွဲလို့ မှီဝဲဆည်းကပ်နည်းယူစေ၊ သုံးပါးရတနာမိဘများနှင့် ဆရာသမားကိုပူဇော်လေ၊ ချမ်းသာကိုပေး ဆက်ဆံရေး၊ မြော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ"ဟူသော ဓမ္မလင်္ကာလေးဖြင့် ရွတ်ဆိုရှင်းပြခဲ့ကြသဖြင့် နားဝင်ချိုပြီး မှတ်သားရလွယ်ကူခဲ့ကြသည်။

**"နေထိုင်ရေးမင်္ဂလာသုံးပါး"** ရှိရာ "ကုသိုလ်ပညာ၊ ဥစ္စာရဖို့၊ သင့်ရာဒေသ၊ အမြဲနေ။ ရှေးကတင်ကြို၊ ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူးရှိပါစေ။ မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့၊ ဆောက်တည်လေ။ ဥစ္စာကိုပေး၊ နေထိုင်ရေး၊ မြော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ"ဟု ရွတ်ဆိုရှင်းပြကြသည်။

**"ပညာရေးမင်္ဂလာလေးပါး"**ရှိရာ "တတ်ကောင်းတတ်ရာဟူသမျှ ကြားမြင်သုတရှိပါစေ။ အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊ အသက်မွေးဖို့ အတတ်သင်လေ၊ လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြားနားလည်စေ။ မှန်ကန်ယဉ်ကျေးချိုသာအေး၊ ဆိုရေးတတ်ပါစေ။

**"ပြုစုစောင့်ရှောက်ရေး မင်္ဂလာသုံးပါး"**ရှိရာ "မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊ ကောင်းစွာဆပ်ပေး၊ ဝတ်ကျေကျေ။ ကြွေးသစ်ချကာ၊ သားနှင့်မယားကို၊ မြောက်စားချီးမြှင့် ဝတ်ကုန်စေ။ အလုပ်တာဝန်မလစ်ဟင်းနဲ့ အပြစ်ကင်းအောင်လုပ်ပါလေ။ စည်းစိမ်ကိုပေးပြုစုရေး၊ မြော်တွေးသုံးချက်ပေ"

**"လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါး"** ရှိရာ "သုံးတန်စေတနာ၊ ဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ၊ လှူနိုင်စေ။ ကိုယ် နှုတ် စိတ်ကြံ၊ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ။ ဆွေမျိုးတွေကိုပစ်မထားနဲ့၊ သင်္ဂဟတရားနှင့် ချီးမြှောက်လေ။ သန့်စင်ပြစ်မျိုး၊ လူထုကျိုးသယ်ပိုးရွက်ဆောင်စေ"

**"ရှောင်ကြဉ်ရေး မင်္ဂလာလေးပါး"** ရှိရာ "မကောင်းမှုတွေ၊ ဟူသမျှကို၊ မတွေ့ခင်က၊ ရှောင်ကြဉ်လေ။ တွေ့ကြုံလာရင်၊ မလွန်ကျူးနဲ့၊ အထူးသဖြင့်၊ စောင့်စည်းနေ။ အရက်သေစာ၊ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့ အရာပေ။ လုပ်ကိုင်ပြောကြား၊ သတိထား၊ တရားမမေ့စေ"

**"စိတ်နေစိတ်ထားရေး မင်္ဂလာငါးပါး"**ရှိရာ "အသက်ဂုဏ်ဝါ၊ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား၊ ရိုသေသေ။ မာနတံခွန်၊ ဂုဏ်မကြွနှင့်၊ ကိုယ်ကိုနှိမ့်ချ၊ အမြဲနေ။ လောဘအပို လိုမလိုက်နဲ့၊ ကိုယ့်ထိုက်တာနဲ့၊ ကျေနပ်လေ။ ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး၊ အထူးသိတတ်စေ။ ကောင်းကျိုးဆင့်ပွား၊ မြတ်တရား၊ နာကြားမပြတ်ပေ"

**"သည်းခံရေးမင်္ဂလာလေးပါး"**ရှိရာ "ဝတ်စားနေထိုင်၊ ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း၊ သည်းခံလေ။ ကျိုးကြောင်းပြည့်ဝွန်၊ ဆုံးမစကားကို၊ ပြောကြားလာက၊ နာလွယ်စေ။ သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို၊ မကြာခဏ၊ တွေ့ဆုံလေ။ သဘာဝတွေး၊ မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ"

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံပဲကြီး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၆ ဒသမ ၈၂ တင်း ထွက်ရှိ



**ချောင်းဦး ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲကြီး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၈၂ တင်း ထွက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲကြီး ၁၂၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီး ၁၂၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးသီးနှံတွေ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေကပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲကြီးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

စာမျက်နှာ ၄ မှအဆက် ➤

**"ခြိုးခြံချွေတာရေး မင်္ဂလာလေးပါး"** ရှိရာ "လောကီအာရုံ၊ ဇိမ်ယစ်မူးလို့၊ ပျော်မကျူးနဲ့၊ ခြိုးခြံလေ။ မေတ္တာဖြပ္မစိုက်၊ လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး၊ ယွင်းမသွေ။ လေးပါးသစ္စာ၊ ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင် ကြိုးစားလေ။ ဒုက္ခလွတ်ကင်း၊ နိဗ္ဗာန်ချင်း၊ အလင်းပေါက်ပါစေ"

**"စိတ်ဓာတ်ခိုင်မာရေး မင်္ဂလာလေးပါး"**ရှိရာ "ဆင်းရဲချမ်းသာ၊ သဘာဝကို၊ တွေ့ကြုံနေကြ၊ လူတိုင်းပေ။ ကောင်းဆိုးနှစ်တန်၊ အစုံတွဲလို့၊ တစ်လှည့်စီလှည့်၊ အမြဲနေ။ လောကဓံကြုံမဖြုံတမ်းပေ့ါ၊ မတုန်စမ်းနဲ့၊ စိတ်ခိုင်စေ။ သောကကိုထိန်း၊ ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာနေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ"

(၃၈) ဖြာမင်္ဂလာကို (၁) ဆက်ဆံရေးမင်္ဂလာသုံးပါး (၂) နေထိုင်ရေးမင်္ဂလာသုံးပါး၊ (၃) ပညာရေးမင်္ဂလာ လေးပါး (၄) ပြုစုစောင့်ရှောက်ရေးမင်္ဂလာသုံးပါး (၅) လိုက်နာကျင့်သုံးရေးမင်္ဂလာလေးပါး (၆) ရှောင်ကြည်ရေး မင်္ဂလာလေးပါး (၇) စိတ်နေသဘောထားရေး မင်္ဂလာငါးပါး (၈) သည်းခံရေးမင်္ဂလာလေးပါး (၉) ခြိုးခြံချွေတာရေး မင်္ဂလာလေးပါး (၁၀) စိတ်ဓာတ်ခိုင်မာရေးမင်္ဂလာလေးပါး ဟူ၍ခွဲခြားစိတ်ဖြာကာ ကလေးသူငယ်လူငယ်များနားလည်အောင် လှုံ့ဆော်လေ့ကျင့်ပေးနေကြသည်။ မွန်မြတ်လှသော မင်္ဂလာလေ့ကျင့်ပျိုးထောင်မှုများဖြစ်ကြသည်။

**"သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး၊ ပန်သူတွေ။ စီးပွားချမ်းသာ၊ ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့်၊ တဝေဝေ။ ဘေးကင်းရန်ကွာ၊ ချစ်သူပေါလို့၊ စိတ်ရောကိုယ်ရောချမ်းသာမလေ။ ပြောဆို ကြံဆ၊ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ။ အဲဒါကြောင့် ပန်ကြဆင်ကြ၊ မင်္ဂလာ့ပန်းခိုင်တွေ"** ဟူသော မင်္ဂလာအကျိုးကို ရရှိခံစားနိုင်ကြပေလိမ့်မည်။ သို့ဖြစ်ရာ လူတော်များပေါ်များလာအောင်၊ ပညာရေးနှင့်ပြုစုပျိုးထောင်ပေးကြရသကဲ့သို့ လူကောင်းများတိုးပွားလာအောင် ဘာသာရေးနှင့်ပြုစုပျိုးထောင်ပေးနေကြရပေလိမ့်မည်။ ဖူးငုံစပန်းကလေးများ၊ သီးကင်းစ ကလေးသူငယ်လူငယ်များအတွက် ဘဝတက်လမ်းများကို လမ်းညွှန်နည်းပြ ပျိုးထောင်ပေးကြရာရောက်သော **"ယဉ်ကျေးလိမ္မာ သင်တန်းများနှင့် မင်္ဂလာသင်တန်းများ"**ကို တိုးပွားများပြားသည်ထက် တိုးပွားများပြားအောင် အကျိုးဆောင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

**ကိုးကား**

- **ဆရာကိုင်လက်စွဲ စာရိတ္တပညာ**
- **မောင်ကျေးဇူး၏ ပြည်သူ့နီတိစာကဗျာ**

## လျှင်ဘေး ကူညီပေးစို့

- လျှင်ဒဏ်ဘေးကြုံရကာ
  မြို့ရွာအချို့မှာ။
- စေတီတာဝါ လမ်းတံတား
  အိုးအိမ်တွေပြိုသွား။
- အသက်များလည်း ဆုံးရှုံးကာ
  ဒဏ်ရာရကြတာ။
- ကြားသိပါရ ရင်မချိ
  ကိုယ်ချင်းစာနာမိ။
- သူတို့တွေ၏ဝေဒနာ
  လျော့ပါးကာသက်သာ။
- တို့တစ်တွေ ရင်မှာတွေးဆ
  ဖေးမသင့်သည်ပ။
- ပရဟိတလုပ်ငန်းတွေ
  လုပ်ဆောင်ကြကာလေ။
- စေတနာတရားဖြင့် ကူညီအား
  မနှေးပြုစို့လား။ ။

အင်ကြင်းသူ(နေပြည်တော်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။



## နိုင်ငံတကာ သတင်းများ

# အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က နိုင်ငံတကာပို့ကုန်အားလုံးအပေါ် အခွန်စည်းကြပ်

**နယူးယောက် ဇွန် ၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အမေရိကန်နိုင်ငံသို့ တင်ပို့မည့် နိုင်ငံတကာပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုအစီအစဉ်ကို ဧပြီ ၂ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က နိုင်ငံတကာပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုမြှင့်တင်ခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းရှိ စျေးကွက်များ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရသည်။

နိုင်ငံတကာပို့ကုန်များအပေါ် အမေရိကန်အစိုးရက အခွန်စည်းကြပ်မှုကို ကမ္ဘာ့ခေါင်းဆောင်များက ဝေဖန်ရှုတ်ချခဲ့ကြပြီး အဆိုပါ အခွန်စည်းကြပ်မှု အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကို တောင်းဆိုထားကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပို့ကုန်ခွန်စည်းကြပ်ခဲ့သော နိုင်ငံများထဲတွင် မဟာမိတ်နိုင်ငံများလည်း ပါဝင်နေသကဲ့သို့ တရုတ်နိုင်ငံကဲ့သို့ပြိုင်ဘက်နိုင်ငံများလည်း ပါဝင်လျက်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစီအစဉ်အရ အမေရိကန်နိုင်ငံသို့တင်ပို့မည့် နိုင်ငံတကာထုတ်ကုန်အားလုံးအပေါ် ၁၀ ရာခိုင်နှုန်း အခွန်စည်းကြပ်မည်ဖြစ်ပြီး အမေရိကန်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအချို့အတွက် အခွန်စည်းကြပ်မှုကို ပို၍မြှင့်တင်ထားကြောင်း သိရသည်။

အမေရိကန်အစိုးရ၏ နိုင်ငံတကာပို့ကုန်များအပေါ် အခွန်စည်းကြပ်သည့်အနေဖြင့် အမေရိကန်ထုတ်ကုန်များအပေါ်တွင်လည်း အခွန်စည်းကြပ်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ရုရှားလေတပ် မဟာဗျူဟာဗုံးကြဲလေယာဉ် ဆိုက်ဘေးရီးယားဒေသ၌ ပျက်ကျ

**မော်စကို ဇွန် ၃**

ရုရှားလေတပ်မှ တီယူ- ၂၂ အမ် ၃ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်တစ်စင်းသည် ဇွန် ၂ ရက်က ဆိုက်ဘေးရီးယားဒေသ၌ ပျက်ကျခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဗုံးကြဲလေယာဉ်သည် ပုံမှန်လေ့ကျင့်ပျံသန်းမှုပြုလုပ်နေစဉ် စက်ပိုင်းဆိုင်ရာပြဿနာတစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တီယူ-၂၂ အမ် ၃ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် ရုရှားလေတပ်၏ အဓိကတိုက်ပွဲဝင်လေယာဉ်များဖြစ်သည်။

ရုရှားလေတပ်သည် အဆိုပါ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များကို ယူကရိန်းနိုင်ငံအတွင်းရှိ ပစ်မှတ်များကို ကေအိတ်ချ်-၂၂ ဒုံးကျည်များဖြင့် ပစ်လွှတ်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည်။

အဆိုပါ တီယူ-၂၂ အမ် ၃ မဟာဗျူဟာ ဗုံးကြဲလေယာဉ်ပေါ်တွင် လူငါးဦး လိုက်ပါခဲ့ရာ လေးဦးမှာ လေထီးဖြင့် ခုန်ထွက်နိုင်ခဲ့ပြီး တစ်ဦးမှာ သေဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တီယူ-၂၂ အမ်၃မဟာဗျူဟာဗုံးကြဲလေယာဉ် ပျက်ကျရမှုအကြောင်းရင်းကို ရုရှားတာဝန်ရှိသူများက တိတိကျကျ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီရန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက်မရခဲ့ပါက စစ်ရေးထိပ်တိုက်ရင်ဆိုင်မှုရှိလာနိုင်ကြောင်း ပြင်သစ် သတိပေး



**ပဲရစ် ဇွန် ၃**

ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေဖြင့် အီရန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက်သစ် မရယူနိုင်ခဲ့ပါက စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှုတစ်ရပ် ပေါ်ထွက်လာနိုင်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်းနိုအယ်လ်ဘားရော့က ဇွန် ၂ ရက်က သတိပေးလိုက်ကြောင်း သိရသည်။

အီရန်နျူကလီးယားပြဿနာနှင့်ပတ်သက်၍ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်အနေဖြင့် အဓိကဝန်ကြီးများ၊ ကျွမ်းကျင်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ထိုကဲ့သို့သတိပေးခဲ့ခြင်းဖြစ်သည်။

အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများကြား ၂၀၁၅ ခုနှစ်တွင် ရယူခဲ့သော အီရန်နျူကလီးယားသဘောတူညီချက်မှာ ယခုနှစ်အောက်တိုဘာလတွင် ကုန်ဆုံးမည်ဖြစ်ရာ နျူကလီးယားသဘောတူညီချက်သစ် ရယူရေးအတွက် လအနည်းငယ်မျှသာအချိန်ရှိတော့ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

သို့ဖြစ်ရာ အီရန်နိုင်ငံနှင့် နျူကလီးယား သဘောတူညီချက်သစ် မရခဲ့ပါက စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှုတစ်ရပ် ဖြစ်ပွားမည့်အရေး မလွှဲမရှောင်သာ ပေါ်ပေါက်လာနိုင်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားရော့က သတိပေးခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက်တစ်ရပ် မရယူခဲ့ပါက ဗုံးကြဲ တိုက်ခိုက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကလည်း ခြိမ်းခြောက်ထားသည်။

အမေရိကန်နိုင်ငံသည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက်တွင် ပါဝင်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် ၎င်းသဘောတူညီချက်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အက်ဖ် - ၁၆ တိုက်လေယာဉ်များဝယ်ယူမည့်အစီအစဉ်သည် မည်သည့်နိုင်ငံကိုမျှ ထိခိုက်မှုမရှိကြောင်း ဖိလစ်ပိုင်ပြောကြား

**မနီလာ ဇွန် ၃**

အမေရိကန်နိုင်ငံမှ အက်ဖ်-၁၆ တိုက်လေယာဉ်များ ဝယ်ယူမည့် အစီအစဉ်သည် တရုတ်နိုင်ငံအပါအဝင် မည်သည့်နိုင်ငံ၏ အကျိုးစီးပွားမျှ ထိခိုက်နစ်နာမည်မဟုတ်ကြောင်း ဖိလစ်ပိုင်လုံခြုံရေးတာဝန်ရှိသူများက ယနေ့တွင် ပြောကြားထားသည်။

ဖိလစ်ပိုင်နိုင်ငံကို အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်တန်ဖိုးရှိ အက်ဖ်-၁၆ တိုက်လေယာဉ်များနှင့် ဆက်စပ်ပစ္စည်းများကို ရောင်းချရန် အမေရိကန်အစိုးရက သဘောတူထားကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံမှ အက်ဖ်-၁၆ တိုက်လေယာဉ်များ ဝယ်ယူမည့် အစီအစဉ်သည် မည်သည့်နိုင်ငံကိုမျှ ခြိမ်းခြောက်လိုသည့် ရည်ရွယ်ချက်မျိုးမရှိကြောင်း ဖိလစ်ပိုင်အမျိုးသား လုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားထားသည်။

အထူးသဖြင့် အက်ဖ်-၁၆ တိုက်လေယာဉ်များ ဖိလစ်ပိုင်ဝယ်ယူမှုကြောင့် မည်သည့်နိုင်ငံ၏ အကျိုးစီးပွားမျှ ထိခိုက်မည်မဟုတ်ကြောင်းကို မိမိတို့အနေဖြင့် တရုတ်နိုင်ငံကို အာမခံချက်ပေးလိုကြောင်း ဖိလစ်ပိုင်အမျိုးသားလုံခြုံရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိ အက်ဖ်-၁၆ တိုက်လေယာဉ် အစင်း ၂၀ ရောင်းချရန် သဘောတူထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်ဒေသ ပိုင်ဆိုင်ခွင့်အငြင်းပွားမှုပြဿနာကြောင့် ဆက်ဆံရေးတင်းမာနေသော နိုင်ငံများဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# မလေးရှားနိုင်ငံက အမ်အိတ်ချ်-၃၇၀ ရှာဖွေရေးလုပ်ငန်း ယာယီရပ်ဆိုင်း

**ကွာလာလမ်ပူ ဇွန် ၃**

မလေးရှားလေကြောင်းလမ်းခရီးစဉ်အမှတ် အမ်အိတ်ချ်-၃၇၀ ခရီးသည်တင်လေယာဉ်ရှာဖွေရေးလုပ်ငန်းကို ယာယီရပ်ဆိုင်းထားကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီး အန်တိုနီလိုကီက ဇွန် ၂ ရက်တွင် ပြောကြားခဲ့သည်။

မလေးရှားအစိုးရနှင့် အမေရိကန်နိုင်ငံအခြေစိုက် အိုးရှင်းအင်ဖန်နတီကုမ္ပဏီတို့သည် ၂၀၁၄ ခုနှစ်အတွင်း ဆန်းကြယ်စွာ ပျောက်ဆုံးသွားသည့် အဆိုပါခရီးသည်တင်လေယာဉ်ကို ပြီးခဲ့သည့်လအတွင်း ပြန်လည်စတင်ခဲ့သည်။

သို့ရာတွင် လက်ရှိအခြေအနေအရ အမ်အိတ်ချ်-၃၇၀ လေယာဉ်ရှာဖွေရေးလုပ်ငန်းကို ယာယီရပ်ထားမည်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားထားသည်။

မလေးရှားအစိုးရနှင့် အိုးရှင်းအင်ဖန်နတီကုမ္ပဏီတို့သည် လက်ရှိရှာဖွေရေး လုပ်ငန်းများကို စတုရန်းကီလိုမီတာ ၁၅၀၀၀ အကျယ်အဝန်းရှိ အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း နေရာတစ်ခု၌ ပြုလုပ်နေခြင်းဖြစ်သည်။

အဆိုပါ ၇၇၇ အမျိုးအစား ခရီးသည်တင် လေယာဉ်သည် ၂၀၁၄ ခုနှစ် မတ် ၈ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ပျံသန်းနေစဉ် ဆန်းကြယ်စွာ ပျောက်ဆုံးခဲ့ရသည်။

အဆိုပါ ခရီးသည်တင်လေယာဉ်ပေါ်တွင် ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၂၃၉ ဦး လိုက်ပါသွားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Fram-2 မစ်ရှင်အရ ပုဂ္ဂလိကအာကာသယာဉ်မှူး လေးဦး လိုက်ပါသွားသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို လွှတ်တင်ခဲ့




**ဝါရှင်တန် ဧပြီ ၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Fram-2 အမည်ရှိ မစ်ရှင်အရ ပုဂ္ဂလိက အာကာသယာဉ်မှူးလေးဦး လိုက်ပါသွားသည့် Crew Dragon အာကာသ လူသယ်ယာဉ်ကို မတ် ၃၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဧပြီ ၂ ရက် သတင်းများအရ သိရသည်။

Crew Dragon အာကာသ လူသယ်ယာဉ်ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၀ မိနစ်ခန့် အကြာတွင် Crew Dragon အာကာသ လူသယ်ယာဉ်သည် ဖယ်လ်ကွန်-၉ ဒုံးပျံမှ အောင်မြင်စွာ ခွာထွက်နိုင်ခဲ့သည်။

Crew Dragon အာကာသ လူသယ်ယာဉ်သည် ပုဂ္ဂလိက အာကာသယာဉ်မှူး လေးဦးကို ကမ္ဘာ့ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့ကို ကျော်ဖြတ်တည်ရှိနေသည့် ဝင်ရိုးစွန်းပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

Fram-2 မစ်ရှင်သည် အာကာသယာဉ်မှူးများကို ဝင်ရိုးစွန်းပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သော ပထမဆုံးမစ်ရှင်ဖြစ်သည်။

သုံးရက်မှငါးရက်ထိ ကြာမြင့်မည့် Fram-2 မစ်ရှင်အတွင်း အာကာသယာဉ်မှူး လေးဦးတို့သည် သိပ္ပံပညာ စမ်းသပ်မှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာ၏ SPHEREx အာကာသရေဒီယိုတယ်လီစကုပ်က ပထမဆုံး စကြဝဠာဓာတ်ပုံများကို ရိုက်ကူးခဲ့

**ဝါရှင်တန် ဧပြီ ၃**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ SPHEREx အာကာသရေဒီယိုတယ်လီစကုပ်သည် ၎င်း၏ပထမဆုံးသော စကြဝဠာဓာတ်ပုံများကို ရိုက်ကူးခဲ့ကြောင်း ဧပြီ ၂ ရက် သတင်းများအရ သိရသည်။

SPHEREx အာကာသရေဒီယိုတယ်လီစကုပ်က ရိုက်ကူးပေးခဲ့သော အထက်ပါဓာတ်ပုံများသည် ရေဒီယိုတယ်လီစကုပ်၏ စနစ်များ ပုံမှန်လည်ပတ်နေမှုကို ပြသနေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

SPHEREx အာကာသရေဒီယိုတယ်လီစကုပ်သည် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကဲ့သို့ပင် စကြဝဠာကို မြင်ကွင်းကျယ် စူးစမ်းလေ့လာနိုင်သည်။

နာဆာအဖွဲ့သည် SPHEREx အာကာသ ရေဒီယိုတယ်လီစကုပ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မတ် ၁၂ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။



SPHEREx အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာကို အနီအောက်ရောင်ခြည်လှိုင်းအလျားဖြင့် ဆက်လက်စူးစမ်းလေ့လာမည်ဖြစ်သည်။

နာဆာအဖွဲ့သည် SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် သုံးစွဲတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အင်တာနက်နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို တရုတ် လွှတ်တင်

**ပေကျင်း ဧပြီ ၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အင်တာနက်နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို ဧပြီ ၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ဧပြီ ၂ ရက် သတင်းများအရ သိရသည်။



အဆိုပါ နည်းပညာစမ်းသပ်ဂြိုဟ်တုကို လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် ဂိုဘီသဲကန္တာရ ချိကွမ်း ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် အင်တာနက်နည်းပညာ စမ်းသပ်ဂြိုဟ်တုကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုကို ဆက်သွယ်ရေးနည်းပညာများ စမ်းသပ်ရေးအတွက် အဓိကထားအသုံးပြုမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသော်လည်း အသေးစိတ်အချက်အလက်များကို မသိရသေးကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အထက်ပါ ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုများကို ခြောက်စင်းထိ လွှတ်တင်ထားပြီးဖြစ်သည်။

တရုတ် အမျိုးသားအာကာသ အေဂျင်စီသည် ဆက်သွယ်ရေး နည်းပညာ စမ်းသပ်ဂြိုဟ်တုများကို ၂၀၂၃ ခုနှစ်တွင် စတင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သွေးအတွင်း ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုကို လျှော့ချခြင်းဖြင့် Dementia ဖြစ်နိုင်ခြေ လျှော့ချနိုင်

**ဆိုးလ် ဧပြီ ၃**

သွေးအတွင်း ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း ဧပြီ ၂ ရက်သတင်းများအရ သိရသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များ၏ လေ့လာချက်အရ LDL-C ခေါ် ဆိုးကျိုးပြုကိုလက်စထရောပါဝင်မှု နည်းပါးသူများတွင် Dementia ဖြစ်နိုင်ခြေ ၂၆ ရာခိုင်နှုန်းထိ ကျဆင်းနေတတ်ကြောင်း သိရသည်။

LDL-C ကိုလက်စထရောပါဝင်မှုအဆင့် မြင့်မားပါက သွေးကြောများအတွင်း အဆီများစုစည်းလာနိုင်ပြီး နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် သွေးအတွင်း LDL-C ကိုလက်စထရော ပါဝင်မှုအဆင့်နှင့် Dementia ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုရှိနိုင်ကြောင်းကို ပြီးခဲ့သည့်နှစ်ကမှသာ ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် လူပေါင်း ၅၇၀၀၀၀ ကျော်၏ ကျန်းမာရေး အချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွေးအတွင်း LDL-C ကိုလက်စထရော ပါဝင်မှုကို သွေးတစ်လီတာလျှင် ၁ ဒသမ ၈ မီလီမိုးလ်(Millimoles) ထိ လျှော့ထားနိုင်ပါက Dementia ဖြစ်နိုင်ခြေကို ၂၆ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စိတ်ကျရောဂါကုသရေးဆေးသုံးစွဲသူများ၌ နှလုံးရောဂါကြောင့် သေဆုံးနိုင်ခြေ မြင့်မားနိုင်

**ကိုပင်ဟေဂင် ဧပြီ ၃**

စိတ်ကျရောဂါ ကုသရေးဆေးသုံးစွဲသူများ၌ နှလုံးရောဂါကြောင့် ရုတ်တရက်သေဆုံးနိုင်ခြေ ပုံမှန်ထက် မြင့်မားလာနိုင်ကြောင်း ဧပြီ ၂ ရက် သတင်းများအရ သိရသည်။

ဒိန်းမတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျရောဂါ ကုသရေးဆေးများကို တစ်နှစ်မှငါးနှစ်ထိ သုံးစွဲခဲ့ရသူ လူနာများ၌ နှလုံးရောဂါများကြောင့် ရုတ်တရက် သေဆုံးနိုင်ခြေ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် စိတ်ကျရောဂါကုသရေးဆေးများကို ခြောက်နှစ်နှင့် အထက် သုံးစွဲခဲ့ရသော လူနာများတွင်မူ နှလုံးရောဂါကြောင့် ရုတ်တရက် သေဆုံးနိုင်ခြေ ၁၀၀ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်ကြောင်း သိရသည်။

စိတ်ကျရောဂါ ကုသရေးဆေးများကြောင့် အသက်ဆုံးပါးနိုင်ခြေ အမြင့်မားဆုံး အသက်အရွယ်အပိုင်းအခြားမှာ အသက် ၃၀ နှင့် ၃၉ နှစ်ကြား အသက်အရွယ်အပိုင်းအခြား ဖြစ်ကြောင်း သိရသည်။

ရောဂါလက္ခဏာများ ပေါ်ထွက်ခဲ့ပြီး တစ်နာရီမှ ၂၄ နာရီအတွင်း အသက်ဆုံးပါးမှုကို နှလုံးရောဂါများကြောင့် ရုတ်တရက် ဆုံးပါးရမှုအဖြစ် ဒိန်းမတ်သုတေသနပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ၂၀၃၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ဗြိတိန်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိ

လန်ဒန် မေ ၃

၂၀၃၅အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ဗြိတိန်(အင်္ဂလန်နိုင်ငံ၊ စကော့တလန်နိုင်ငံ၊ ဝေးလ်နိုင်ငံနှင့် မြောက်အိုင်ယာလန်နိုင်ငံ) တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ကြောင်း သိရသည်။

၂၀၃၅အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို အလှည့်ကျစနစ်အရ ဥရောနှင့် အာဖရိကတိုက်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်ပြီး လက်ရှိတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် လျှောက်ထားမှုတွင် အာဖရိကနိုင်ငံမှ တစ်နိုင်ငံမှ မရှိခဲ့သကဲ့သို့ ဥရောပတွင်လည်း ဗြိတိန်(အင်္ဂလန်နိုင်ငံ၊ စကော့တလန်နိုင်ငံ၊ ဝေးလ်နိုင်ငံနှင့် မြောက်အိုင်ယာလန်နိုင်ငံ) တစ်ခုတည်းကသာ လျှောက်ထားသည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဗြိတိန်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ပေးခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ၂၀၃၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဗြိတိန်အပြင် ဥရောပမှ စပိန်နိုင်ငံ၊ ပေါ်တူဂီနိုင်ငံနှင့် အာဖရိကမှ မော်ရိုကိုနိုင်ငံတို့က ပူးတွဲကျင်းပရန် စီစဉ်ခဲ့သော်လည်း နောက်ဆုံးလျှောက်ထားရမည့်ရက်ဖြစ်သည့် ပြီးခဲ့သည့် မတ် ၃၁ ရက်ထိ တရားဝင်လျှောက်ထားခြင်း မရှိသည့်အတွက် လက်ခံကျင်းပမည့်နိုင်ငံကို လာမည့် ၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် ဖီဖာကွန်ဂရက်၌ မဲခွဲဆုံးဖြတ်ရန် စီစဉ်ထားသော်လည်း လျှောက်ထားမှုနောက်ဆုံးရက်ထိ ဗြိတိန်တစ်ခုတည်းသာ ရှိနေသည့်အတွက် ဗြိတိန်ကိုသာ အိမ်ရှင်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

## ဧပြီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်း အဆင့် ခုနစ်ဆင့် ပြန်လည်မြင့်တက်

ရန်ကုန် မေ ၃

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ဧပြီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်း အနေဖြင့် ကမ္ဘာ့အဆင့် ခုနစ်ဆင့်ထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်အရ အာဆီယံဇုန်တွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၉၉ ဖြင့် အာဆီယံအဆင့် ၁၊ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် ၁၀၉ ဖြင့် အာဆီယံအဆင့် ၂၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့် ၁၂၃ ဖြင့် အာဆီယံအဆင့် ၃၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့် ၁၃၁ ဖြင့် အာဆီယံအဆင့် ၄၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့် ၁၄၆ ဖြင့် အာဆီယံအဆင့် ၅၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့် ၁၆၁ ဖြင့် အာဆီယံအဆင့် ၆၊ မြန်မာ့လက်ရွေးစင်အသင်းက ကမ္ဘာ့အဆင့် ၁၆၂ ဖြင့် အာဆီယံအဆင့် ၇၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့် ၁၈၁ ဖြင့် အာဆီယံအဆင့် ၈၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၈၅ ဖြင့် အာဆီယံအဆင့် ၉၊ လာအိုအသင်းက ကမ္ဘာ့အဆင့် ၁၉၀ ဖြင့် အာဆီယံအဆင့် ၁၀ နှင့် တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့် ၁၉၇ ဖြင့် အာဆီယံအဆင့် ၁၁ နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

STA

### အားကစားသတင်းအတိုအထွာများ

- ❑ ဝုဗ်အသင်းက ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်တည်ငြိမ်မှုမရှိသော်လည်း ဘောလုံးရာသီအကုန်တွင် နည်းပြအပြောင်းအလဲပြုလုပ်ရန် စီစဉ်ထားပြီး ရိုးမားအသင်းနည်းပြဟောင်း ဒီရော့ဆီကို ခန့်အပ်ရန် ဆွေးနွေးမှုလုပ်ဆောင်နေကြောင်း သိရသည်။
- ❑ ဂျာမန်ပိုကယ်ဖလား ဆီမီးဖိုင်နယ်တွင် စတုဂတ်အသင်းက လိုက်ပ်ဇစ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

## ပြင်သစ်ကိုပါဖလား ဗိုလ်လုပွဲသို့ နှစ်ပေါင်း ၄၈ နှစ်ကြာမှ ရိမ်းအသင်းတက်ရောက်



ပဲရစ် မေ ၃

ရိမ်းအသင်းသည် ပြင်သစ်ကိုပါဖလား ဆီမီးဖိုင်နယ်အဆင့်တွင် စတုတ္ထတန်းကလပ် ကန်းနက်စ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် နှစ်ပေါင်း ၄၈ နှစ်အကြာတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ပြင်သစ်ကိုပါဖလားပြိုင်ပွဲတွင် ရိမ်းအသင်းသည် ၁၉၅၀ ပြည့်နှစ်က နောက်ဆုံးအကြိမ် ဆုဖလားရရှိခဲ့ပြီး ဆုဖလားနှစ်လုံး ရယူနိုင်ခဲ့သော်လည်း ၁၉၇၇ ခုနှစ်နောက်ပိုင်းတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းမရှိတော့ဘဲ ယခုနှစ်မှသာ ဗိုလ်လုပွဲသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်

ရိမ်းအသင်းအနေဖြင့် ယခုပြိုင်ပွဲတွင် ၁၆ သင်းအဆင့်၌ ဂျာလီယူအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် လည်းကောင်း၊ ကွာတားဖိုင်နယ် အဆင့်တွင်လည်း အန်ဂါအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့်လည်းကောင်း၊ ယခုပွဲစဉ်တွင်လည်း ကန်းနက်စ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း နိုင်ပွဲရခဲ့သောကြောင့် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင် ပီအက်စ်ဂျီအသင်းနှင့် တွေ့ဆုံနေကာ လာမည့် မေ ၂၅ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရိမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပီအက်စ်ဂျီအသင်းနှင့် ပထမအကျော့တွေ့ဆုံမှုတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် လာမည့်ဗိုလ်လုပွဲတွင်လည်း ပီအက်စ်ဂျီအသင်းကို အဆိုပါပွဲစဉ်က ခြေစွမ်းပိုင်းအတိုင်း ကစားနိုင်ပါက ဆုဖလားရယူနိုင်မည့် မျှော်လင့်ချက်ရှိနေကြောင်း သိရသည်။

Ref : Fotmob
Trs : ML

## ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲတွင် ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ တွေ့ဆုံ

မက်ဒရစ် မေ ၃

ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနှင့် အေတီကိုအသင်းတို့ကစားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ်ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သည့် ဘာစီလိုနာအသင်းက ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။

အေတီကိုအသင်းနှင့် ပွဲစဉ်တွင် ဘာစီလိုနာအသင်းက အဝေးကွင်း သွားရောက်ကစားခဲ့ရသော်လည်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပိုမိုပြုလုပ်နိုင်ခဲ့ရာ ပွဲကစားချိန် ၂၇ မိနစ်အရောက်၌ တောင်ပံကစားသမား ဖာရန်တောရက်စ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် အေတီကိုအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဘာစီလိုနာအသင်းက ပြိုင်ဘက်ကို ထိန်းချုပ်ကစားနိုင်မှုကြောင့် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းသည် ဗိုလ်လုပွဲတွင် အယ်ကလက်စီကို ပြိုင်ဘက်ဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် တွေ့ဆုံနေပြီး ယင်းပွဲစဉ်ကို လာမည့် ဧပြီ ၂၇ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။



ဘာစီလိုနာအသင်း အနေဖြင့် ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲရောက်ရှိခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးပြိုင်ပွဲ၌ အဆင့်(၁)နေရာတွင် ဦးဆောင်၍ ရီးရဲလ်မက်ဒရစ်အသင်းကို ရမှတ်သုံးမှတ်ဖြတ်တောက်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်၌ ဒေါ့မွန်အသင်းနှင့် တွေ့ဆုံနေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းနေပြီး ဖလားသုံးလုံးလမ်းကြောင်းပေါ်တွင် ရောက်ရှိနေကြောင်း သိရသည်။

Ref : Espn
Trs : ML

## Charleston Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ကျန်ကွင်းဝမ်တက်ရောက်

ချားလ်စ်တမ် မေ ၃

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ် ချားလ်စ်တမ်မြို့တွင် ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ဂရိတင်းနစ်မယ် ဆက်ကာရီတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်ကွင်းဝမ်က (၆-၄ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



ကျန်ကွင်းဝမ် အနေဖြင့် ချန်ပီယံလက်စွမ်းမျိုး ပြသကာ ဆက်ကာရီအား ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည့်အပြင် Charleston Open တင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့် (၃) အဖြစ်သတ် မှတ်ခံထားရသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုအား ဆွတ်ခူးရရှိခဲ့ပြီးနောက်ပိုင်း ထိပ်တန်းလက်စွမ်းမျိုး ပြသနေခြင်းလည်းဖြစ်သည်။

ကျန်ကွင်းဝမ်က "ဆက်ကာရီက ကမ္ဘာ့အဆင့်ကစားသမားတစ်ဦးဖြစ်တဲ့အတွက် ခက်ခဲတဲ့ပြိုင်ဘက်ဖြစ်ပါတယ်။ ဒါကြောင့် ပွဲမှာ သေချာကစားနိုင်ဖို့အတွက် ကျွန်မဘက်ကနေ ကြိုတင်ပြင်ဆင်မှုတွေ သေချာပြုလုပ်ခဲ့ပါတယ်။ မြေစေးကွင်းဖြစ်တဲ့အတွက်ကြောင့် ကစားရတာ အရမ်းပင်ပန်းပါတယ်။ ဒဏ်ရာရလွယ်တဲ့ အတွက်ကြောင့် သေချာသတိထားကစားခဲ့ရတယ်။ ဆက်ကာရီနဲ့ပွဲစဉ်မှာ တိုက်စစ်ပိုင်းကို ပိုပြီးတော့ ဦးစားပေးခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကျန်ကွင်းဝမ်သည် တတိယအဆင့်တွင် ပြင်သစ်တင်းနစ်မယ် ဂရာချီဗာအား အနိုင်ရရှိခဲ့သည့် ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန့်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Lockheed Martin ကုမ္ပဏီက အမေရိကန်ကြည်းတပ်ထံမှ တာဝေးပစ်ဒုံးကျည်များဝယ်ယူရေးစာချုပ် လက်ခံရရှိခဲ့



Lockheed Martin ကုမ္ပဏီသည် အမေရိကန်ကြည်းတပ်ထံမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံ တန်ဖိုးရှိ တာဝေးပစ် Precision Strike Missile (PrSM) ဒုံးကျည်များ ဝယ်ယူရေးစာချုပ်တစ်ရပ် လက်ခံရရှိခဲ့ကြောင်းThe Defense Post သတင်းဌာနက မတ် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Lockheed Martin ကုမ္ပဏီက ထုတ်ပြန်သော စာချုပ်များဆိုင်ရာ သတိပေးချက်အရ ဝယ်ယူရေးစာချုပ်လက်ခံရရှိခဲ့မှုသည် တင်ဒါပြိုင်ဆိုင်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီတစ်ခုတည်းသာ လေလံတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

PrSM ဒုံးကျည်သည် ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းလောက်အတွင်း အလိုအလျောက်လုပ်ဆောင်နိုင်သော ဘက်စုံသုံး ဒုံးပစ်လောင်ချာကိုအသုံးပြု၍ ရွေ့လျားနေသော ရေကြောင်းပစ်မှတ်တစ်ခုကို အောင်မြင်စွာပစ်ခတ်နိုင်ခဲ့သည့် တိုက်ရိုက်ပစ်ခတ်လေ့ကျင့်မှုအပြီးတွင် ယခုကဲ့သို့ စာချုပ် ပေးအပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသည် စိတ်ဖိစီးမှုအများဆုံး ပတ်ဝန်းကျင်အခြေအနေ တစ်ရပ်အတွင်း ဒုံးကျည်ထုတ်လုပ်ခြင်းဆိုင်ရာ အရည်အချင်းစစ် ပျံသန်းစမ်းသပ်မှုကိုအောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့မှုအဖြစ် ၂၀၂၃ ခုနှစ်တွင် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့မှုအပေါ်တွင်လည်း စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်း၏ အကြောင်းတရားတစ်ရပ်ဖြစ်သည်။ ပရောဂျက်အဆင့်-၁ (Increment One) အတွက် အလုပ်သဘောဆိုင်ရာသဘောတူစာချုပ်ကို မည်သည့်နေရာတွင် လုပ်ဆောင်သွားမည်ကို မသိရှိရသော်လည်း လာမည့် ၂၀၃၀ ပြည့်နှစ် မတ်လတွင် လုပ်ငန်းများ အပြီးသတ်နိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

PrSM ဒုံးကျည်သည် မျိုးဆက်သစ် မြေပြင်မှမြေပြင်ပစ် ဒုံးလက်နက်ဖြစ်ပြီး အဆင့်မြင့် ခြိမ်းခြောက်မှုအန္တရာယ်များကို ဦးနှိမ်၊ တိုက်ခိုက်၊ ချေမှုန်း၊ ဖျက်ဆီးပစ်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ PrSM ဒုံးကျည်သည် အကွာအဝေး ၄၉၉ ကီလိုမီတာ (မိုင် ၃၁၀ )ကျော် စစ်ဆင်နိုင်စွမ်းရှိပြီး တိုက်ပွဲဝင်ထိရောက်မှုတိုးမြှင့်ရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ PrSM ဒုံးပစ်လောင်ချာစင်ရှိ Pod တစ်ခုသည် ဒုံးကျည်နှစ်စင်းကို သယ်ဆောင်ပစ်ခတ်နိုင်စွမ်းရှိပြီး ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် မေလတွင်၊ အမေရိကန်ကြည်းတပ်မှ ပရောဂျက်အဆင့်-၂ (Increment Two) အတွက် လိုအပ်ချက်များကို ကြေညာခဲ့ပြီး ပေါ့ပါးသွက်လက်သော ဒီဇိုင်းနှင့် ခဲယမ်းဆိုင်ရာစွမ်းဆောင်ရည်များကို မြှင့်တင်ပေးကာ ဘက်စုံသုံး ဒုံးပစ်လောင်ချာတစ်ခုလျှင် ဒုံးကျည်လေးစင်းထိ တပ်ဆင်ပစ်လွှတ်နိုင်ရန် ရည်ရွယ်ထားသည်။ ၎င်းကို M142 High Mobility Artillery Rocket System နှင့် M270A2 Multiple Launch Rocket System အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်နှစ်မျိုးစလုံးမှ ပစ်လွှတ်နိုင်စွမ်းရှိမည်ဖြစ်ပြီး ပရောဂျက်အဆင့်-၂ (Increment Two) သည် ဒုံးကျည်၏ အလျင်နှုန်း၊ အကွာအဝေးနှင့် အလုံးစုံတိုက်ပွဲဝင်ထိရောက်မှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်မှန်းရကြောင်း သိရသည်။

**Lockheed Wins $4.9B Precision Strike Missile Deal From US Army** ကို ဘာသာပြန်ဆိုထားပါသည်။

## အီဂျစ်က FA-50 အပေါ့စားတိုက်ခိုက်ရေးလေယာဉ် အစင်းရေ ၁၀၀ ထိဝယ်ယူနိုင်ရေး တောင်ကိုရီးယားနှင့် ဆွေးနွေးမှုများပြုလုပ်နေ



အီဂျစ်နိုင်ငံသည် FA-50 အပေါ့စား တိုက်ခိုက်ရေးလေယာဉ် အစင်းရေ ၁၀၀ ထိဝယ်ယူရေးအတွက် တောင်ကိုရီးယားနိုင်ငံနှင့် အဆင့်မြင့် တာဝန်ရှိသူများကြား ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း အီဂျစ်နိုင်ငံ သံတမန်အရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာန မတ် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး Khaled Abdelrahman က တိုက်ခိုက်ရေးလေယာဉ် ၃၆ စင်းကနဦးဝယ်ယူမှုအတွက် လပေါင်းများစွာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် နှစ်နိုင်ငံကြား ဆွေးနွေးမှုများသည် အပြုသဘောဆောင်သော တိုးတက်မှုများရှိလာကြောင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့နိုင်ငံက အဖွဲ့အစည်းတွေနဲ့ ကိုရီးယားကုမ္ပဏီတွေကြား နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်ဆွေးနွေးမှုတွေအတွက် အောင်မြင်တဲ့ရလဒ်ကို ဖြစ်ပေါ်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်" ဟု Abdelrahman က ပြောကြားခဲ့သည်။

FA-50 အပေါ့စား တိုက်ခိုက်ရေး လေယာဉ်ကိုဝယ်ယူရန် အီဂျစ်နိုင်ငံက စိတ်ဝင်စားနေမှုသည် ၂၀၂၂ခုနှစ် ဩဂုတ်လအတွင်း Pyramids Air Show လေကြောင်းပြပွဲအပြီးတွင် တောင်ကိုရီးယားနိုင်ငံမှ Black Eagles လေကြောင်းသရုပ်ပြအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုစတင်ခဲ့သည်ဟုဆိုနိုင်သည်။ ထိုအချိန်မှစ၍ အီဂျစ်နိုင်ငံသည် အဆင့်မြင့်အမောင်းသင်လေယာဉ် စီမံကိန်းကို အကောင်အထည်ဖော်လုပ်ဆောင်နေခဲ့ပြီး ကနဦးတွင် လေယာဉ်အစင်းရေ ၇၀ မှ အစင်းရေ ၁၀၀ ထိတိုးချဲ့မှာယူရန် ထည့်သွင်းစဉ်းစားခဲ့ကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်သည် အီဂျစ်နိုင်ငံ၏ လေကြောင်းစွမ်းအားအဆင့်မြှင့်တင်ရန် အီဂျစ်နှင့်တောင်ကိုရီးယားကြား မဟာဗျူဟာမြောက်ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းစေလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ Korea Aerospace Industries ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည့် FA-50 အဆင့်မြင့်အမောင်းသင်တိုက်လေယာဉ် သို့မဟုတ် အပေါ့စားတိုက်ခိုက်ရေးလေယာဉ်သည် တောင်ကိုရီးယားနိုင်ငံ၏ရေပန်းစားသော T-50 အမောင်းသင်လေယာဉ်မှဆင်းသက်လာသော နှစ်ယောက်မောင်း အသံထက်မြန်သော စူပါဆောနစ်အလျင်နှုန်းဖြင့် ပျံသန်းနိုင်သည့် အပေါ့စားတိုက်ခိုက်ရေးလေယာဉ်ပင်ဖြစ်သည်။ ၎င်းသည် အားကောင်းသော တိုက်ခိုက်ရေးစွမ်းရည်များနှင့် အဆင့်မြင့်အမောင်းသင်လေယာဉ်ဆိုင်ရာ ဝိသေသအင်္ဂါရပ်များကိုပေါင်းစပ်ထားသောကြောင့် လေသူရဲများလေ့ကျင့်သင်တန်းပေးရေးနှင့် ဝေဟင်မှမြေပြင်တိုက်ခိုက်ရေးမစ်ရှင် နှစ်ခုလုံးအတွက် အသုံးပြုနိုင်စေမည်ဖြစ်သည်။ လေယာဉ်သည် အမြင့်ဆုံးအမြန်နှုန်း Mach 1.5 (တစ်နာရီလျှင် ကီလိုမီတာ ၁၈၅၀ သို့မဟုတ် မိုင် ၁၁၅၀)နှင့် အကွာအဝေး ၂၅၉၂ ကီလိုမီတာ (၁၆၁၁ မိုင်)ထိ ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ FA-50 သည် တရုတ်နိုင်ငံထုတ် L-15 နှင့် အီတလီနိုင်ငံထုတ် M-346 လေယာဉ်တို့နှင့်ယှဉ်ပြိုင်၍ အီဂျစ်၏ အဆင့်မြင့် အမောင်းသင်လေယာဉ်အစီအစဉ်အတွက် ဦးဆောင်ပြိုင်ဘက် လေယာဉ်အဖြစ် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

တရုတ်နှင့် အီတလီနိုင်ငံထုတ် လေယာဉ်များကို ရွေးချယ်မှုများသည် ပိုမိုဈေးသက်သာနိုင်သော်လည်း တောင်ကိုရီးယားနိုင်ငံထုတ် လေယာဉ်များသည် အီဂျစ်လေတပ်တွင် လက်ရှိပိုင်ဆိုင်ထားသည့် အမေရိကန်ထုတ် F-16 နှင့် ၇၀ ရာခိုင်နှုန်းနီးပါး လေယာဉ်အစိတ်အပိုင်းများ တူညီစွာအသုံးပြုနိုင်စေမှုသည် အဓိကအားသာချက်တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားခဲ့ဟန်ရှိသည်။ ဤသို့ လေယာဉ်အားလုံး ဘုံတူညီချက်သည် အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေး၊ ကြံ့ခိုင်ပြုပြင်ထိန်းသိမ်းမှုနှင့်ပံ့ပိုးရေး ကွင်းဆက်လုပ်ငန်းများကို ရိုးရှင်းစွာအချိန်တိုအတွင်း ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ လေယာဉ်လွှဲပြောင်းလက်ခံမှုများ ဆောင်ရွက်ပြီးပါက FA-50 သည် အီဂျစ်နိုင်ငံ၏ သက်တမ်းရင့် Alpha Jets လေယာဉ်များနှင့် တရုတ်နိုင်ငံထုတ် K-8E အမောင်းသင် လေယာဉ်များနေရာတွင် အစားထိုးအသုံးပြုနိုင်မည်ဖြစ်ပြီး လေ့ကျင့်ရေးနှင့် တိုက်ခိုက်ရေး လိုအပ်ချက်နှစ်ခုစလုံးအတွက် ပိုမိုခေတ်မီပြီးစွမ်းဆောင်ရည်မြင့်မားသော ဖြေရှင်းချက်တစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။

**Egypt Nears Deal for up to 100 South Korean FA-50 Light Attack Aircraft** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# စာနာစိတ်ကိုရှေ့ထားလို့ ငလျင်ဘေးကိုကူကြစို့

## သန်းထွန်းဝင်း(အညာမြေ)

**ကျန်းမာခြင်းဆိုသည်မှာ**

မိမိတို့မှီတင်းနေထိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ငလျင်၊ မုန်တိုင်းနှင့် ရေဘေးကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်ခြေအများဆုံးရှိသည့် အရှေ့တောင်အာရှဒေသတွင်တည်ရှိနေသည့်နိုင်ငံဟု ပညာရှင်များကဖော်ထုတ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍လည်း အရှေ့တောင်အာရှနိုင်ငံများအသင်းခေါ် အာဆီယံတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အရေးပေါ်ကယ်ဆယ်ရေး၊ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု ကူညီကယ်ဆယ်ရေး(HADR)ဟူသည့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးနှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကူအညီပေးရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ၂၀၂၅ ခုနှစ်မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ရစ်ချ်တာစကေး ၇ ဒသမ ၇ ပြင်းအားရှိ ငလျင်နှင့်အတူ နောက်ဆက်တွဲအင်အားအသင့်အတင့်ရှိ ငလျင်ငယ် ၃၀ ကျော်ကို ၃၆ နာရီအတွင်းကြုံတွေ့ခဲ့ရပါသည်။ ငလျင်ဟူသည် လှုပ်ခတ်သည့်အချိန် တစ်မိနစ်မကျော်သည့်တိုင် ၎င်းအတွက်ကယ်ဆယ်ရေးဆောင်ရွက်ရသည့်ပမာဏသည် ငလျင်ပြင်းအား၊ ဗဟိုပြုနေရာနှင့် မြေအောက်အနက်ပေါ်မူတည်၍ နှစ်နှင့်ချီ၍ ကြာမြင့်တတ်ပါသည်။ ထို့အတူ ပျက်စီးဆုံးရှုံးမှုပမာဏနှင့် ကယ်ဆယ်ရေးဆောင်ရွက်ရသည့်ပမာဏသည်လည်း များပြားလှပေသည်။ လက်ရှိဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်ကြောင့် ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်ထိ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် သတ်မှတ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုပြုလုပ်ရန် ထုတ်ပြန်ခဲ့ပါသည်။

**ကမ္ဘာ့နိုင်ငံခေါင်းဆောင်အချို့၏စာနာထောက်ထားကြောင်းသတင်းစကား**

ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ၊ အထူးသဖြင့် မိမိနိုင်ငံအပေါ် စာနာစိတ်ဖြင့် စာနာထောက်ထားသောနိုင်ငံအချို့မှ ခေါင်းဆောင်များသည် နိုင်ငံတော်အကြီးအကဲဖြစ်သူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ စာနာထောက်ထားမှု၊ ထိခိုက်သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် ငလျင်ဘေးသင့်ပြည်သူများအတွက် မိဘပြည်သူများနှင့်အတူထပ်တူဝမ်းနည်းမှု၊ ဆုတောင်းမေတ္တာပို့သမှုသဝဏ်လွှာများပေးပို့ခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးနှင့်ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တတ်နိုင်သမျှအကူအညီပေးအပ်မည့် ကတိကဝတ်တို့ကိုပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

မိမိတို့ပြည်သူများအနေဖြင့် ငလျင်ဘေးအန္တရာယ်ကျရောက်မှုကြောင့် ရင်နှင့်အမျှ ထိခိုက်ကြေကွဲမှု၊ ဝမ်းနည်းရမှုဖြစ်ရသကဲ့သို့ မိမိတို့နိုင်ငံအတွင်းရှိ ပြည်သူများဘေးဒုက္ခခံစားရချိန်တွင် ကျန်ရစ်သူပြည်သူများနှင့်အတူထပ်တူထပ်မျှ ခံစားမှု၊ စာနာထောက်ထားမှုကိုပြည်ပနိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများမှ လှိုက်လှဲစွာအားပေးကူညီမှုတို့သည် မြင်တွေ့ကြားရသူတို့အတွက် အတိုင်းမသိပီတိဖြစ်စေပါသည်။ ထိုသို့ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ပေးခြင်း၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးခြင်းသည် မိမိတို့နိုင်ငံများအနေဖြင့် ပြည်ဖျက်မီဒီယာများ၌ဖော်ပြသကဲ့သို့ အထီးကျန်နေခြင်းမဟုတ်၊ သင်းကွဲရပ်တည်နေခြင်းမဟုတ်၊ နိုင်ငံအကြီးအကဲများ၊ ပြည်သူများနှင့်အတူ မျှဝေခံစားသည့်နိုင်ငံများရှိသည်ကို ထင်ထင်ရှားရှားပြသလိုက်ခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရပါကမိုင်ထောင်ချီဝေးကွာသည့်တိုင်းပြည်များမှ မိမိနိုင်ငံသို့ လာရောက်ကူညီကယ်ဆယ်ပေးသည့်စေတနာနှင့်မေတ္တာတရားသည် စာဖြင့် ဖွဲ့ဆိုရန်ပင် မလုံလောက်ဟုဆိုရပေမည်။

> ❖ မိမိတို့ပြည်သူများအနေဖြင့် ငလျင်ဘေးအန္တရာယ်ကျရောက်မှုကြောင့် ရင်နှင့်အမျှထိခိုက်ကြေကွဲမှု၊ ဝမ်းနည်းရမှုဖြစ်ရသကဲ့သို့ မိမိတို့နိုင်ငံအတွင်းရှိ ပြည်သူများဘေးဒုက္ခခံစားရချိန်တွင် ကျန်ရစ်သူပြည်သူများနှင့်အတူ ထပ်တူထပ်မျှခံစားမှု၊ စာနာထောက်ထားမှုကို ပြည်ပနိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများမှ လှိုက်လှဲစွာအားပေးကူညီမှုတို့သည် မြင်တွေ့ကြားရသူတို့အတွက် အတိုင်းမသိပီတိဖြစ်စေပါသည်။ ❖

**မျှဝေခံစားကြပါစို့**

မိမိတို့ပြည်သူများသည် မိဘ၊ ဆွေမျိုး၊ လူမျိုးစု မတူညီသည့်တိုင် နိုင်ငံနှင့်နှိုင်းယှဉ်မည်ဆိုပါက တစ်အူထုံ့ဆင်းသွေးချင်းညီအစ်ကိုများပင်မဟုတ်ပါလော။ ပညာရှိများဆိုခဲ့သည့်အတိုင်း ဆွေးမျိုးသားချင်းသည် မခေါ်ချင်၍ ရသည် မတော်၍မရ၊ ထို့အတူအစားထိုး၍လည်း မရဟုဆိုကြပါသည်။ သို့ဖြစ်၍ မိမိတို့ပြည်သူများသည် ငလျင်ဘေးသင့်ပြည်သူများကို မိသားစုစိတ်ဓာတ်၊ ဆွေမျိုးသားချင်းစိတ်ဓာတ်အပြည့်ဖြင့် ကူညီစောင့်ရှောက်ကြရမည်ဖြစ်သည်။ ကူညီပံ့ပိုးပေးသည့် ပြည်သူများ၏စေတနာကို ဘေးဒဏ်သင့်ပြည်သူများကလည်း ရင်ထဲ၊ နှလုံးသားထဲမှ လှိုက်လှဲစွာကျေးဇူးတင်နေမည်မှာ အမှန်ပင်ဖြစ်သည်။

**ဘယ်လိုကူညီမှာလဲ**

အလှူဒါနပြုခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရားဟောကြားခဲ့သည့် သွန်သင်ဆုံးမမှုတစ်ခုရှိသည်ကိုဗုဒ္ဓဘာသာဝင်အများစုသိရှိကြမည်သာဖြစ်သည်။ "ညောင်စေ့လောက်လှူသော်လည်းညောင်ပင်ကြီးလောက် အကျိုးရှိနိုင်သည်" ဟူသောအဆိုအမိန့်ဖြစ်သည်။ ဗုဒ္ဓ၏အဆိုအမိန့်ဖြစ်၍ တိကျမှန်ကန်လွန်းလှပေသည်။ လှူဒါန်းသည့်သူအတွက် အကျိုးများသကဲ့သို့ အလှူခံရရှိသူမှာလည်းအကျိုးများလှပေသည်။ ကယ်ဆယ်ရေးအဖွဲ့မှ ပေးကမ်းသည့် သောက်ရေတစ်စက်သည် ပိတ်မိနေသည့် ငလျင်ဒုက္ခသည်အတွက် သေကံမရောက်၊ သက်မပျောက်သည်ထိ အကျိုးများလှပေသည်။ လူ့အသက်ကိုကယ်သည့်အရာထက် မြတ်သောလုပ်ဆောင်ချက်မရှိဟုဆိုထားသည်မဟုတ်ပါလား။ သို့ဖြစ်၍ ပြည်သူများသည် ငလျင်ဘေးဒဏ်ခံရသည့်ဒေသသို့ တိုက်ရိုက်သော်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးအဖွဲ့များမှတစ်ဆင့်သော်လည်းကောင်း၊ မိမိတတ်နိုင်သည့် နည်းလမ်းမျိုးစုံဖြင့် ကူညီစောင့်ရှောက်ပေးနိုင်ပါသည်။ ယခင်ကြုံတွေ့ခဲ့ရသော မုန်တိုင်းဒဏ်၊ ရေဘေးဒဏ်ခံရသည့် ပြည်သူများကို အလားတူကူညီခဲ့ကြပြီးဖြစ်သည်။

ထို့ပြင် ကိုယ်တိုင်ကိုယ်ကျသွားရောက်ကူညီနိုင်ခြင်းမရှိသူများအနေဖြင့် သက်ဆိုင်ရာကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ နိုင်ငံတော်မှတရားဝင်ဖွဲ့စည်းထားသည့် အလှူခံအဖွဲ့အစည်းများ၊ ရုံးများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းကိုသတင်းစာ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှ စဉ်ဆက်မပြတ်ထုတ်ပြန်ပေးလျက်ရှိပါသည်။ ငလျင်ဘေးသင့်ပြည်သူများအတွက် အဓိကလိုအပ်သည့် အကူအညီများသည် သောက်သုံးရေ၊ အစားအစာနှင့် ခိုနားရာအရိပ်အာဝါသဖြစ်ပါသည်။ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ဆေးဝါးကုသမှုနှင့် အရေးပေါ် သွေးလိုအပ်ချက်တို့ဖြစ်ပါသည်။ ယခုအချိန်တွင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိပြီး အဆောက်အအုံများအောက်တွင် ပိတ်မိနေသူများအတွက် အသက်ရှင်သန်ခွင့်သည်လည်း နည်းပါးလာပါသည်။ မည်သို့ဆိုစေကာမူ မိမိတို့ပြည်သူများသည် တတ်နိုင်သည့်နည်းလမ်းဖြင့် ဝိုင်းဝန်းဖေးမကူညီရန် အရေးကြီးပေသည်။ နိုင်ငံတော်အစိုးရနှင့်အတူသက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကလည်းဖွဲ့စည်းထားသည့် ကော်မတီ၊ အသင်းအဖွဲ့အသီးသီးဖြင့် ထိရောက်စွာစီမံခန့်ခွဲရေး ကြိုးပမ်းနေမည်သာဖြစ်သည်။

ခြုံ၍ဆိုရလျှင် ကြိုတင်မျှော်မှန်း၍မရသည့် သဘာဝဘေးဒဏ်တွင် ငလျင်ဒဏ်သည် အဓိကဖြစ်ပါသည်။ မုန်တိုင်းနှင့်ရေကြီးခြင်းတို့သည် ကြိုတင်သတိပေးနိုင်သည်။ သို့ရာတွင် ငလျင်လှုပ်ခတ်မည့်အချိန်ကို မည်သည့်ပညာရှင်၊ မည်သည့်ခေတ်မီစက်ကမျှ အချိန်အတိအကျဖြင့်ဖော်ပြနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် ငလျင်လှုပ်ခတ်ပြီးပါကပြင်းအားနှင့်ဒေသအပေါ်မူတည်၍ အသက်အန္တရာယ်ထိခိုက်မှုနှင့် ပစ္စည်းများပျက်စီးဆုံးရှုံးမှုအနည်းအများဖြစ်ပေါ်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ကြောင့်အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထို့အတွက် ပြည်ပနိုင်ငံများကပါ ကူညီကယ်ဆယ်မှုနှင့် လှူဒါန်းမှုများတက်ကြွစွာလုပ်ဆောင်လာသည်ကိုဝမ်းမြောက်စွာတွေ့ရှိရပါသည်။ ထို့အတူ အလှူအတန်းနှင့်ပတ်သက်လျှင် လက်မနှေးသော မိမိတို့လူမျိုးများသည် ရှေ့တန်းမှပါဝင်လေ့ရှိသည်ကိုလည်းတွေ့ရှိရပါသည်။ သို့သော်ငြားလည်း ဆတက်ထမ်းပိုးလှူဒါန်းမှုနှင့် ကူညီကယ်ဆယ်မှုများပြုလုပ်ရာတွင် ပိုမိုတက်ကြွစွာပါဝင်နိုင်ကြစေရန်နှင့်စည်းလုံးညီညွတ်မှုကိုပြသရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ငပုတောမြို့နယ်တွင် မြေပဲ ၁၅၅၅ ဧက နုတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၅၈ ဒသမ ၂၈ တင်းထွက်ရှိ

ငပုတော ဧပြီ ၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၁၅၅၅ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၈၂၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မြေပဲများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ မြေပဲ ၁၅၅၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ နုတ်သိမ်းခဲ့သည့် မြေပဲ တစ်ဧကလျှင် ၅၈ ဒသမ ၂၈ တင်းထိထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ဧက ၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးခဲ့တဲ့မြေပဲတွေကို ဖေဖော်ဝါရီလထဲမှာ စတင်နုတ်သိမ်းခဲ့တာပါ။ လက်ရှိ မြေပဲဧက ၁၅၀၀ ကျော်ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်။ သန့်ရှင်းလတ်ဆတ်တဲ့စားသုံးဆီတွေကိုစားသုံးနိုင်စေဖို့နဲ့ ဒေသတွင်းစားသုံးဆီပိုလျှံတဲ့အခါ နိုင်ငံတော်ရဲ့ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ ဆီထွက်မြေပဲတွေကို စိုက်ပျိုးနေတာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။



ဒေသမရွေး

ကျော်ကျော်လင်း

## စစ်ကိုင်းတောင်ရှိ ငလျင်ဒဏ်သင့် သံဃာတော်၊ သီလရှင်များအတွက် သရုပ်ဆောင်ခန့်စည်သူနှင့် အနုပညာရှင်များက နေ့ဆွမ်းလောင်းလှူ



ရန်ကုန် ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုးပေါ်ရှိ သဘာဝဘေးမြေငလျင်ဒဏ် ခံစားခဲ့ရသည့် သံဃာတော်များနှင့် သီလရှင်များကို သရုပ်ဆောင်ခန့်စည်သူနှင့် အနုပညာရှင်များက နေ့ဆွမ်းလောင်းလှူခြင်းကို ဇွန် ၂ ရက် က စစ်ကိုင်းတောင်ရိုးရှိမင်းကွန်းဒေသတွင် ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင်ခန့်စည်သူထံမှ သိရသည်။

သရုပ်ဆောင် ခန့်စည်သူနှင့် အနုပညာရှင်များက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုးပေါ်ရှိ သဘာဝဘေးမြေငလျင်ဒဏ် ခံစားခဲ့ရသည့် ဘုန်းတော်ကြီးနှင့် သီလရှင်ကျောင်းတိုက်အသီးသီးမှ သံဃာတော်များနှင့် သီလရှင်အပါး ၅၀၀၀ ကျော်ကိုနေ့ဆွမ်းလောင်းလှူခဲ့ခြင်းဖြစ်ပြီး စစ်ကိုင်းတောင်ရိုးတစ်လျှောက်ရှိ ကျေးရွာများမှ သဘာဝဘေးမြေလျင်ဒဏ် ခံစားခဲ့ရသည့် ဒေသခံမိသားစု ၄၀၀ ကိုလည်း မိသားစုတစ်စုလျှင် ငွေကျပ် ငါးသောင်းနှုန်း ပံ့ပိုးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"ငလျင်ဒဏ်ခံရတဲ့ စစ်ကိုင်းတောင်ရိုးမှာရှိတဲ့ ရဟန်းသံဃာတော်အရှင်သူမြတ်များနဲ့ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၅၀၀၀ ကျော်အတွက် နေ့ဆွမ်းတွေကို ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ နေအိမ်အဆောက်အအုံတွေပြိုပျက်ခဲ့ကြတဲ့ မိသားစု ၄၀၀ အတွက်လဲ မိသားစုတစ်စုကို ငွေကျပ်ငါးသောင်းနှုန်း ပံ့ပိုးလှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင်ခန့်စည်သူက ပြောပြသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ လေးကျွန်းမြေအုန်းကျောင်း ပရိယတ္တိစာသင်တိုက်အတွင်းရှိ ပျက်စီးဆုံးရှုံးခဲ့ရသည့် သာသနိက အဆောက်အအုံများ ပြန်လည် ထူထောင်ရေးအတွက် အလှူတော်ငွေကျပ် သိန်း ၁၀၀၊ စစ်ကိုင်းမြို့၊ မင်းကွန်းဒေသရှိ အာလောင်ရွာ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်းအတွက် အလှူတော်ငွေကျပ်သိန်း ၄၀ နှင့် သဘာဝဘေးမြေငလျင်ဒဏ် ခံစားခဲ့ရသည့် ပြည်သူများကို ထမင်းနှင့်ဟင်းများ လှူဒါန်းခဲ့ကြကြောင်းလည်း သိရသည်။

ASH

## ၂၀ ရာစုရုပ်ရှင်စတူဒီယို၏ မှုခင်းဇာတ်ကားသစ်ကို ကမ္ဘာကျော်ဒါရိုက်တာ မာတင်စကော်စီစီရိုက်ကူးမည်

နယူးယောက် ဇွန် ၃

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ ဟာဝိုင်ယီကျွန်းနောက်ခံ မှုခင်းလျို့ဝှက်သည်းဖို့ဇာတ်ကားသစ်ကို ကမ္ဘာကျော်ဒါရိုက်တာ မာတင်စကော်စီစီ တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇွန် ၂ ရက် သတင်းများအရ သိရသည်။

တရားဝင် ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါရုပ်ရှင်ဇာတ်ကားတွင် မင်းသားလီယိုနာဒီကာပရီယို၊ ဒွေးန်ဂျွန်ဆင်နှင့် မင်းသမီး အမ်မလီဘလန့်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်ကာလများအတွင်း ဟာဝိုင်ယီကျွန်းကို ထိန်းချုပ်ရန်ကြိုးစားခဲ့သည့် ဒုစရိုက်ဂိုဏ်းခေါင်းဆောင်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုစာရေးဆရာ၊ သတင်းစာဆရာ နစ်ဘိတ်တန်က ရေးသားပေးထားပြီး အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့် အချိန်နှင့် ရုံတင်ပြသမည့်အချိန်တို့ကို ၂၀ ရာစုရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## ငလျင်ဒဏ်သင့်ဒေသများသို့ ဦးဆောင်လှူဒါန်းမည့် ရုပ်ရှင်အစည်းအရုံးထံသို့ ရုပ်ရှင်သရုပ်ဆောင်များ၊ အလှူရှင်များက အလှူငွေများလှူဒါန်းလျက်ရှိ

ရန်ကုန် ဇွန် ၃

သဘာဝဘေး မြေငလျင်ဒဏ်သင့်ဒေသများသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဦးဆောင်လှူဒါန်းမည့်အစီအစဉ်ကို ရုပ်ရှင်သရုပ်ဆောင်များနှင့် စေတနာရှင် အလှူရှင်များက အလှူငွေများ လာရောက် လှူဒါန်းလျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေစသည့် သဘာဝဘေးမြေငလျင်ဒဏ် ခံစားရသည့် ပြည်သူများကို အလှူငွေများ လှူဒါန်းနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ စီစဉ်လျက်ရှိပြီး ၎င်းအစီအစဉ်အတွက် ရုပ်ရှင်သရုပ်ဆောင်များ၊ အလှူရှင် စေတနာရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်ဟု သိရသည်။



"ငလျင်ဒဏ်သင့် ပြည်သူတွေကို ကူညီပံ့ပိုးပေးနိုင်ဖို့ မတ် ၃၀ ရက်ကတည်းက စတင်ပြီးတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကနေ တစ်ဆင့်လှူဒါန်းဖို့ အလှူငွေတွေ လာရောက်လှူဒါန်းနေတာ ရှိပါတယ်။ မတ် ၃၀ ရက်က ကင်းရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ရုပ်ရှင်အဖွဲ့သားတွေက အလှူငွေကျပ် သိန်း ၁၀၀၊ မင်းသားကြီး သတိုးစော မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ အကယ်ဒမီမင်းသားကြီး ကြည်စိုး မိသားစုက အလှူငွေကျပ်သုံးသိန်း၊ ဇာတ်ပို့ဇာတ်ရံ မင်းသမီးကြီး မသီတာက အလှူငွေကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းထားပါတယ်။ စေတနာရှင် အလှူရှင်တွေလဲ လာရောက် လှူဒါန်းလျက်ရှိပါတယ်" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ASH

## Billion Dollor Spy ဇာတ်ကားသစ်၌ မင်းသမီးဗီလာမစ်ဂျရယ် ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၃

Walden Media ၏ Billion Dollor Spy ဇာတ်ကားသစ်၌ မင်းသမီး ဗီလာမစ်ဂျရယ် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇွန် ၂ ရက် သတင်းများအရ သိရသည်။

Billion Dollor Spy ဇာတ်ကားတွင် မင်းသမီးဗီလာမစ်ဂျရယ်သည် မင်းသားကြီးရုပ်ဆဲခရိုး၊ ဟာရီလော်တေတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Billion Dollor Spy ဇာတ်ကားသည် စစ်အေးတိုက်ပွဲခေတ် နောက်ခံသူလျှို ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ဆိုဗီယက် ထောက်လှမ်းရေးမှတ်တမ်းများကို အမေရိကန်ပြည်ထောင်စုထံပေးအပ်ရန် ကြိုးစားခဲ့သော တိုကာချက်ဗီအမည်ရှိ ဆိုဗီယက်သူလျှိုတစ်ဦးအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ဆိုဗီယက်သူလျှိုတိုကာချက်ဗီအဖြစ် မင်းသားကြီးရုပ်ဆဲခရိုးက သရုပ်ဆောင်မည်ဖြစ်သည်။

Billion Dollor Spy ဇာတ်ကား စတင်ရိုက်ကူးမည့်အချိန်နှင့် ရုံတင်ပြသမည့်နေ့တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## မျက်ရည်ဖြင့်ကမ်းသောလက်များအမည်ဖြင့် အလှူခံရရှိသည့်အလှူငွေများကို ခိုင်နှင်းဝေဖောင်ဒေးရှင်းနှင့် ခိုင်နှင်းဝေရင်သွေးလေးများဂေဟာသို့လှူဒါန်း

ရန်ကုန် ဇွန် ၃

မျက်ရည်ဖြင့်ကမ်းသောလက်များအမည်ဖြင့် အနုပညာရှင် မောင်မယ်များက အလှူခံရရှိထားသည့် အလှူငွေကျပ် သိန်း ၁၁၀ ကို ခိုင်နှင်းဝေဖောင်ဒေးရှင်းနှင့် ငွေကျပ် ၁၀ သိန်းကို ခိုင်နှင်းဝေရင်သွေးလေးများဂေဟာသို့ ဇွန် ၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဆုဝတီကပြောပြသည်။

အဆိုပါ မျက်ရည်ဖြင့်ကမ်းသောလက်များ သဘာဝဘေးမြေငလျင် အလှူငွေကောက်ခံခြင်းအစီအစဉ်ကို ဒါရိုက်တာ မောင်သီက ဦးဆောင်ကာ MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ သရုပ်ဆောင်များ၊ Art & Act Film Production မှ သင်တန်းဆင်း သရုပ်ဆောင်များ၊ ၂၀၂၄ ခုနှစ် အကယ်ဒမီ ရွှေကြိုး မောင်မယ်များနှင့်အတူ လူရွှင်တော် မေတ္တာမြင့်မြတ်ဟိန်း၊ စိစိတို့ကလည်း ပါဝင်ကာ အလှူခံပေးခဲ့ကြောင်း သိရသည်။

"ဇွန် ၁ ရက်မှာ ရန်ကုန်မြို့က Junction Square နှင့် Time City မှာ အလှူခံခဲ့ပါတယ်။ အလှူခံရရှိငွေထဲက ငွေကျပ်သိန်း ၁၁၀ ကို ခိုင်နှင်းဝေဖောင်ဒေးရှင်းက တစ်ဆင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းခဲ့ပါတယ်။ ငွေကျပ် ၁၀ သိန်းကိုတော့ ခိုင်နှင်းဝေရင်သွေးလေးများဂေဟာကို လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ဆုဝတီက ပြောပြသည်။

ASH

# SAC Chairman PM Senior General Min Aung Hlaing leaves for Thailand to attend sixth BIMSTEC summit


Senior General Min Aung Hlaing being seen off at the Nay Pyi Taw Tatmadaw Airport.


Senior General Min Aung Hlaing being welcomed at Win-6 of Don Muang Airport in Thailand.

**Nay Pyi Taw April 3**

A high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing left Nay Pyi Taw Tatmadaw Airport for Thailand at 2 pm this afternoon by special flight to attend the sixth BIMSTEC summit to be held in Thailand and the delegation was seen off at the airport by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, the SAC secretary and members, union ministers, the Chief of General Staff (Army, Navy, Air), senior military officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, Ambassador of Thailand to Myanmar H.E Mr. Suphatra Srimaitreepphithak and officials.

The Senior General was accompanied by SAC Joint Secretary General Ye Win Oo, union ministers U Than Swe and Admiral Moe Aung, senior military officers from the Office of the Commander-in-Chief of Defence Services, deputy ministers and military and civilian officers.

The high-level delegation led by the Senior General arrived at Win-6 of Don Muang Airport at 3.50 pm local time and were greeted by Thai Minister of Labour H.E. Mr. Phiphat Ratchakitprakan and Ambassador of Myanmar to Thailand U Zaw Zaw Soe and officials.

During the trip, the Senior General will attend the sixth BIMSTEC summit and hold discussions over the situation caused by the powerful earthquake and cooperation with the international community to carry out relief and rehabilitation efforts effectively with heads of state who will attend the summit. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Prime Minister of Nepal Rt. Hon. Mr. K P Sharma Oli

**Nay Pyi Taw April 3**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who is in Thailand to attend the BIMSTEC meeting hosted by the country, held talks with Prime Minister of Nepal Rt. Hon. Mr. K P Sharma Oli at Shangri–La Hotel in Bangkok this evening at local time.

During the talks, the Nepalese Prime Minister expressed his and the people of Nepal's sympathy for Myanmar that was hit by a deadly earthquake recently and the sorrows they shared with Myanmar people. Nepal has already sent rescue and relief teams including medical teams. In 2015, an earthquake in Nepal killed over 9000 people and injured over 23,000. The country had to carry out rehabilitation undertakings as the earthquake destroyed many buildings. Nepal and Myanmar are friendly countries and friendship and cooperation between the two will be further enhanced.

In his discussions, the Senior General expressed thanks to Nepal for the emergency assistance. The two are friendly countries since yore and Gurkhas, Nepalese descendants, are serving in the Tatmadaw. Moreover, many Nepalese have been living in amity with Myanmar since the olden times. Although the two are not so close, their bonds of friendship are strong. Hence, cooperation between the two should be promoted. Tatmadaw sent relief aid to Nepal in time during the time it was struck by an earthquake and the gratitude goes to Nepal for providing help to Myanmar in time. As Nepal already has experience in restoration undertakings, the Senior General made a request to share its experience.

Afterwards, views on further promotion of bilateral friendship and cooperation, enhancement of cooperation in multiple sectors including trade, investment and tourism, Myanmar's preparations to hold a free and fair multiparty democracy general election in the coming December, Myanmar and Nepal's outstanding cooperation on the international stage, and promotion of cooperation among the member countries through the 6th BIMSTEC meeting were cordially exchanged.


Senior General Min Aung Hlaing holds talks with Prime Minister of Nepal Rt. Hon. Mr. K P Sharma Oli.

Also present at the meeting together with the Senior General were Joint SAC Secretary General Ye Win Oo, union ministers, U Than Swe, Admiral Moe Aung, and senior officials of the delegation. The Nepalese PM was accompanied by the deputy prime minister and government officials.

After the talks, the Senior General and Nepalese PM exchanged commemorative gifts and cordially greeted the attendees of both countries. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends welcoming dinner hosted by H.E. Ms. Paetongtarm Shinawatra, Prime Minister of Thailand, and the rotating chair of BIMSTEC


Senior General Min Aung Hlaing attends the welcoming dinner hosted by H.E. Ms. Paetongtarm Shinawatra, Prime Minister of Thailand.

**Nay Pyi Taw April 3**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attended a welcoming dinner hosted by H.E. Ms. Paetongtarn Shinawatra, Prime Minister of Thailand and the rotating Chair of BIMSTEC, for the heads of state of BIMSTEC member countries attending the sixth BIMSTEC meeting in Thailand.

First, the Prime Minister of Thailand and rotating Chair of BIMSTEC welcomed the Senior General and the Prime Ministers of BIMSTEC member countries.

Then, the Senior General had a welcoming dinner with the Prime Minister of Thailand and leaders of BIMSTEC member countries.

The welcoming dinner was also attended by the heads of state of BIMSTEC member countries, including the Chief Adviser of Bangladesh Dr. Muhammad Yunus, the Prime Minister of Bhutan H.E. Mr. Tshering Tobgay, the Prime Minister of India H.E. Mr. Shri Narendra Modi, the Prime Minister of Nepal H.E. Mr. KP Sharma Oli, the Prime Minister of Sri Lanka H.E. Dr. Harini Amarasuriya, and representatives from BIMSTEC member countries. 100

# Chairman of National Natural Disaster Management Committee Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win inspects buildings, diversion weirs and dams affected by earthquake in Nay Pyi Taw Council area





Vice-Senior General Soe Win hears reports at the Myanmar Development Institute (MDI).

**Nay Pyi Taw April 3**

Chairman of the National Natural Disaster Management Committee Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, along with Union Ministers, the Chairman of the Nay Pyi Taw Council, the Commander of the Nay Pyi Taw Command, and other officials, inspected buildings and diversion weirs and dams being maintained by the Nay Pyi Taw Development Committee that were damaged by the earthquake in the Nay Pyi Taw Council area this afternoon. He also provided necessary instructions.

First, the Vice-Senior General, and the entourage visited the office of the Myanmar Development Institute (MDI) office at the intersection of Thazin Road and Myitmakha Road in the diplomatic zone of Dekkhinathiri Township, where buildings were damaged by the earthquake. They inspected the damage and provided necessary guidance based on reports from responsible officials.

Next, the Vice-Senior General and party inspected the Yan Aung Myin Dam in Dekkhinathiri Township, which supplies drinking water *See Page 14*



Vice-Senior General Soe Win inspects damage situation of a dam.

*From Page 13*

to the Nay Pyi Taw Council area. They assessed the damage caused by the earthquake, listened to explanations from officials, asked questions, and gave necessary instructions. The Yan Aung Myin Dam is an earthen embankment dam that partially supplies water to the city. It is 36 feet high, 4,060 feet long, and has a catchment area of 11 square miles. Due to the earthquake, a 3-foot section of the earthen embankment above the Full Tank Level (FTL) cracked and collapsed (failure). Authorities are temporarily constructing a new embankment downstream and reinforcing the secondary embankment with supports. Officials confirmed there is no risk of dam failure.

The Vice-Senior General and party also inspected the Yay Ngan Dam in Zabuthiri Township, an auxiliary dam for urban water supply. They examined earthquake damage and instructed officials on necessary measures. The Yay Ngan Dam is an earthen embankment dam, 30 feet high and 1,000 feet long, with a catchment area of 1,200 acres. Cracks appeared on the dam's surface, and sections near the spillway were damaged. Authorities lowered the water level by about 4 feet to reduce pressure and are conducting urgent repairs. No major concerns were found.

They then visited the Chaungmagyi Reservoir in Zabuthiri Township. Officials briefed them on the condition of dams in Nay Pyi Taw, their structural integrity, and earthquake damage. The Vice-Senior General emphasized the need for systematic inspections of dam stability. If required, Navy divers and underwater cameras should be used to assess the dams. Since these dams supply drinking water to Nay Pyi Taw, measures must be taken to prevent breaches and ensure clean water distribution. Additional instructions were also given.

Later, the Vice-Chairman Deputy Prime Minister, and his entourage visited the temporary hospital (Phaunglaung) at the Phaunglaung Sports Ground in Pyinmana. They met civilians injured in the earthquake, inquired about their conditions, treatment progress, and recovery, and offered words of encouragement.

The temporary hospital, operated by the Tatmadaw and the Ministry of Health, is staffed with specialists in surgery, obstetrics, pediatrics, orthopedics, ENT, anesthesiology, radiology, pathology, pharmacy, and public health, along with medical officers and nurses. Mobile operating theaters, X-ray vehicles, and necessary medical supplies are available to provide round-the-clock emergency care. As of today, 36 critical patients and 60 outpatients have received treatment. Additionally, a 40-member medical team sent by the King of Bhutan is collaborating with local teams, bringing essential medicines and equipment. The Bhutanese team is setting up a separate temporary hospital and will continue providing humanitarian medical care to earthquake victims. 100



Vice-Senior General Soe Win hears report by an official.



Vice-Senior General Soe Win comforts an injured quake victim.

# More than 16,000 acres of chickpea harvested in Monywa Township

**Monywa April 3**

Local farmers have harvested 16,502 acres of chickpea planted in cold season in Monywa Township of Sagaing Region, according to the statistics of Monywa Township Agriculture Department.

During the winter crop cultivation season in Monywa Township, chickpeas were cultivated on up to 16,502 acres of croplands. The plantations have now been completely harvested, with an average yield of 16.63 baskets per acre.

U Soe Thet Aung, head of Monywa Township Agriculture Department stated, "Chickpea cultivation has been increasing year by year. To improve yield and quality, we have collaborated with farmers to provide high-quality seeds, fertilizers, and post-harvest technology."

Farmers in Monywa Township have chosen to cultivate Yezin-8 and Yezin-11 chickpea varieties, which are well-suited to the region and offer high yields. The cost of cultivating chickpeas per acre is estimated to be over K300,000.

During the winter crop season, efforts are being made to enhance yield and quality by supplying quality seeds, necessary inputs, and post-harvest techniques in collaboration with farmers. Additionally, awareness campaigns are being conducted to promote the use of beneficial Trichoderma fungi in legume cultivation.

Sagaing Region has the largest cultivation area for legumes in Myanmar, making it the top-producing region in the country. Farmers grow legumes as a primary crop as well as an additional intercropping option, ensuring a stable source of income. 206



Chickpeas being harvested in a field.

# Global leaders send messages of condolences to SAC Chairman Prime Minister

**Nay Pyi Taw April 3**

Presidents, Prime Ministers, and Heads of Government from around the world continue to send condolence letters to State Administration Council Chairman Prime Minister Senior General Min Aung Hlaing for widespread damages, loss of life, and injuries in the powerful earthquake which struck on 28 March 2025.

Due to the powerful earthquake, which caused extensive damage, loss of life, and numerous injuries, President Khurelsukh Ukhnaa of Mongolia, Premier of the Cabinet Pak Thae Song of the Democratic People's Republic of Korea, and Prime Minister Anwar Ibrahim of Malaysia have each sent condolence letters to Chairman of the National Administration Council Prime Minister Senior General Min Aung Hlaing, expressing their deep sympathy.

The letter expresses that due to the earthquake that struck central Myanmar, causing significant damage and losses, they deeply regret the situation. They are ready to work with the rescue personnel who are currently conducting search and rescue operations to save lives. They also assure that we are prepared to offer all possible assistance in emergency rescue and long-term rebuilding efforts, either bilaterally or through ASEAN, to provide support to Myanmar. The message expresses deep sympathy and support for the people of Myanmar who have lost their lives and family members due to the earthquake. It emphasizes the belief that the people of Myanmar will overcome this difficult time and rebuild their social lives. It also expresses hopes for Myanmar to recover as quickly as possible to a normal state after the earthquake and for stability and peace to return to the affected regions. The message conveys condolences and prayers for those who have suffered. Moreover, it reassures that ASEAN will remain a trusted friend and ally for the people of Myanmar during this time of natural disaster. It further emphasizes that the collective efforts of all organizations will focus on saving lives, alleviating suffering, and rebuilding affected communities.

100

**The People of the Republic of the Union of Myanmar,**

I am deeply saddened by the loss of many precious lives and the immense destruction caused by the recent earthquake in central Myanmar.

On behalf of the people of Mongolia, I extend my heartfelt condolences to the families and relatives of the victims.

During this difficult time, the people of Mongolia stand in solidarity with the friendly people of Myanmar and share in their sorrow.

I do not doubt that the resilient people of Myanmar will overcome this tragedy and rebuild their lives soon.

Sincerely,
Khurelsukh Ukhnaa
President of Mongolia
Ulaanbaatar
29 March 2025

**HE Senior General Min Aung Hlaing**
**Prime Minister**
**Republic of the Union of Myanmar**
**Nay Pyi Taw**

Upon hearing the sad news that the unprecedentedly powerful earthquake has caused heavy casualties and material losses in the northwest and middle parts of your country, I express my deep sympathy and condolence to you and, through you, to the bereaved families and victims.

I sincerely hope that your country recovers from the aftermath of the earthquake as soon as possible and stabilizes the lives of the people in the affiliated areas.

Pak Thae Song
Premier of the Cabinet
Democratic People's Republic of Korea
Pyongyong, 31 March 2025

**His Excellency Min Aung Hlaing**
**Prime Minister**
**Republic of the Union of Myanmar**
**Nay Pyi Taw**

**Dear Senior General Min Aung Hlaing,**

It is with profound sorrow that I extend, on behalf of Malaysia, our deepest condolences and sympathies to Myanmar for the devastating earthquake that struck the central regions of your country. We are especially saddened by the tragic reports from Mandalay and the surrounding areas.

We grieve with the families who have lost loved ones and pray for the safety of those still missing. Our thoughts are also with the courageous search and rescue personnel working under the most challenging conditions to save lives and bring relief.

Malaysia stands in full solidarity with the people of Myanmar. Please be assured that we will extend all possible support – both bilaterally and through ASEAN – to assist in urgent relief and long-term recovery efforts. In this regard, I have instructed the immediate channelling of humanitarian assistance amounting to RM10 million to the people of Myanmar affected by this tragedy. As a manifestation of Malaysia's responsibility and solidarity as the Chair of ASEAN 2025, I have also directed the Minister of Foreign Affairs to lead the humanitarian mission to Myanmar and undertake all needful actions. Further, I will be consulting with my ASEAN counterparts on a concerted plan of action for immediate humanitarian relief and technical support. I will also be in Bangkok on 17 April to convene a meeting of the Informal Advisory Council for ASEAN 2025 to discuss, among others, the situation in Myanmar.

The people of Myanmar can rest assured that ASEAN will be a dependable friend during this difficult time. In this moment of national tragedy, we hope that every effort can be refocused on saving lives, alleviating suffering and restoring communities.

Anwar Ibrahim
Prime Minister
Malaysia
30 March 2025

# Rubio reaffirms U.S. commitment to NATO, calls for increased defense spending

**Brussels April 3**

U.S. Secretary of State Marco Rubio reaffirmed Washington's commitment to the North Atlantic Treaty Organization (NATO) during his first meeting with the alliance's foreign ministers, while emphasizing the need for more defense spending in Europe.

"President Trump has made it clear he supports NATO. We are going to remain in NATO," Rubio told reporters Thursday in Brussels. "The only way NATO can get stronger and more viable is if our partners - the nation-states that comprise this important alliance - have more capability."

Rubio said he hoped to leave the meeting with a clear pledge from allies to raise defense spending to 5 percent of their gross domestic product. That figure would more than double NATO's current target of 2 percent, a benchmark some member states have yet to meet.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ထိုင်းနိုင်ငံသို့ ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဧပြီ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ကောင်စီဝင်များ၊ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Suphatra Srimaitreephithak နှင့် တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ထိုင်းနိုင်ငံဒွန်မောင်းလေဆိပ်(Wing-6)သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး H.E.Mr.Phiphat Ratchakitprakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခြင်းနှင့် ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့်ဖြစ်ပေါ် ကြုံတွေ့နေရသည့်အခြေအနေများ၊ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအား ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖဝ၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီး H.E.Mr.Phiphat Ratchakitprakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ ကြိုဆိုဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

အဆိုပါကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ အကြီးအကဲများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြံပေးပုဂ္ဂိုလ်ချုပ် Dr. Muhammad Yunus၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် H. E. Mr. Tshering Tobgay၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် H. E. Mr. K P Sharma Oli၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖဝ၁)



ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲကျင်းပစဉ်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပေါနိုင်ငံဝန်ကြီးချုပ် Rt.Hon.Mr.K P Sharma Oli နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ် Rt.Hon. Mr.K P Sharma Oli တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဧပြီ ၃**

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် BIMSTEC အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ဗန်ကောက်မြို့ရှိ ShangriLa ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ နီပေါနိုင်ငံဝန်ကြီးချုပ်က မကြာခင်က မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မိမိနှင့်အတူ နီပေါပြည်သူများက မြန်မာပြည်သူများနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဆေးကုသရေးအဖွဲ့များအပါအဝင် ကူညီကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၁၅ ခုနှစ်အတွင်း ငလျင်လှုပ်ခတ်ခဲ့စဉ်ကလည်း သေဆုံးသူ ၉၀၀၀ ကျော်ခန့်ရှိပြီး ထိခိုက်သူ ၂၃၀၀၀ ကျော်ရှိခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ ပြန်လည်ထူထောင်ရေးအတွက်လည်းဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့ နီပေါနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသည့် နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် နီပေါနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ပြီး မိမိတို့နိုင်ငံတပ်မတော်၌ နီပေါနွယ်ဖွားဂေါ်ရခါးလူမျိုးများ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် နီပေါလူမျိုးအများအပြားနေထိုင်လျက်ရှိပြီး ရှေးယခင်ကတည်းက မြန်မာလူမျိုးများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံအလှမ်းကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုရှိပြီး နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုကြောင်း၊ ၂၀၁၅ ခုနှစ်၌ နီပေါငလျင်လှုပ်ခတ်ခဲ့စဉ်ကလည်း မိမိတို့မြန်မာ့တပ်မတော်မှ ကယ်ဆယ်ရေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီပေးပို့ကူညီပေးခဲ့သကဲ့သို့ ယခုမိမိတို့နိုင်ငံ၌ ငလျင်ဘေးဒဏ်ကျရောက်ချိန်၌လည်း အချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း အဆွေတော်တို့နိုင်ငံအနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့ကိုလည်း အဆိုပါအတွေ့အကြုံများကို မျှဝေပေးသွားစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် နိုင်ငံတကာ မျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး နီပေါနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နီပေါအစိုးရအဖွဲ့မှတာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများကို အပြန်အလှန် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ် Rt.Hon.Mr.K P Sharma Oli တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များကို တပ်မတော်သားမိသားစုဝင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၃**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်လှုပ်ခတ်မှုနှင့် နောက်ဆက်တွဲငလျင်များကြောင့် နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ထမ်းအိမ်ရာအချို့ ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား တပ်မတော်သားမိသားစုများ၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော စားသောက်ဖွယ်ရာများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကံ့ကော်အိမ်ရာသို့ သွားရောက်လှူဒါန်းကြသည်။

ဦးစွာ တပ်မတော်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များကို သွားရောက်အားပေးစကားပြောကြားကြသည်။ ထို့နောက် တပ်မတော်သားမိသားစုများ၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော စားသောက်ဖွယ်ရာများကို ဝန်ထမ်းများနှင့် မိသားစုဝင်များအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နယ်မြေခံ တပ်မတော်သားများက ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် ရန်အောင်မြင်တမံ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် ရေငန်းတမံ ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။






အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် ချောင်းမကြီးရေလှောင်တမံ ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန် သဇင်လမ်းနှင့် မြစ်မခလမ်း ထောင့်ရှိ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး (MCI)သို့ သွားရောက်၍ အဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်အတွင်းသို့ သောက်သုံးရေများဖြန့်ဝေပေးသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်တမံ ငလျင်ဒဏ်ကြောင့် တမံများ ထိခိုက်ပျက်စီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါရန်အောင်မြင်တမံသည် မြို့ရေပေးဝေရေး တစ်စိတ်တစ်ပိုင်းပံ့ပိုးပေးနေသည့် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၃၆ ပေ၊ တမံအလျား ပေ ၄၀၆၀၊ ရေဆင်းဧရိယာမှာ ၁၁ စတုရန်းမိုင်ရှိပြီး ကုန်းကြောတမံ၏ ကန်ရေအပြည့်အမှတ် Full Tank Level အထက်တွင် မြေသား သုံးပေမှာ မြေငလျင်ဒဏ်ကြောင့် မြေသားများ ကျိုးပြတ်ပြိုကျအက်ကွဲမှု (Failure) ဖြစ်ပေါ်လျက်ရှိသဖြင့် သက်ဆိုင်ရာက ယာယီရေတားတမံအဖြစ် အဆိုပါရေတားတမံ၏အောက်တွင် ကုန်းကြောတမံအသစ် တစ်ခုတည်ဆောက်ကာ ဒုတိယကုန်းကျောတမံနေရာတွင် တာထောက်၍ တာပြန်ဖို့ခြင်းလုပ်ငန်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တမံကျိုးပေါက်နိုင်မှုအန္တရာယ် လုံးဝမရှိကြောင်း စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ မြို့ရေပေးဝေရေး အကူဆည်တစ်ခုဖြစ်သည့် ရေငန်းတမံကိုလည်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါ ရေငန်းတမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ပေ ၃၀၊ တမံအလျား ပေ ၁၀၀၀၊ ရေဆင်းဧရိယာမှာ ဧက ၁၂၀၀ ရှိပြီး တမံ၏ထိပ်ပြင်အပိုင်းတွင် အက်ကြောင်းများဖြစ်ပေါ်ခြင်း ရေထုတ်ပြွန်အနီး တမံ၏အပြင်ဘက်အပိုင်းအချို့မှာ ငလျင်ဒဏ်ကြောင့် ကျိုးပြတ်အက်ကွဲမှုများဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက တမံအတွင်းမှ ရေဖိအားလျော့နည်းစေရေး လေးပေခန့် ရေထုတ်လျှော့ချပြီး ပြုပြင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ ချောင်းမကြီးရေလှောင်တမံသို့ ရောက်ရှိရာ တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆည်၊ တမံဆိုင်ရာ အချက်အလက်များ၊ တမံများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ငလျင်ဒဏ်ကြောင့် တမံပျက်စီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ဆည်၊ တမံများကြံ့ခိုင်မှုများကို စနစ်တကျစစ်ဆေးရန်နှင့် လိုအပ်ပါက တမံအောက်ခြေသို့ တပ်မတော်(ရေ)မှ ကျွမ်းကျင်ရေငုပ်စစ်သည်များနှင့် ရေအောက်ကင်မရာများ အသုံးပြု၍ စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးသည့် တမံများဖြစ်သည့်အတွက် တမံများ ကျိုးပေါက်မှုမရှိစေရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ(ပေါင်းလောင်း)၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူများကို သွားရောက်ကြည့်ရှု၍ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံမေးမြန်းကာ

**စာမျက်နှာ ၁၉ သို့**









အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ(ပေါင်းလောင်း)၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံအားပေးစကားပြောကြားစဉ်။

စာမျက်နှာ ၁၈ မှအဆက်

အားပေးစကားပြောကြားသည်။

အဆိုပါ ယာယီဆေးရုံ(ပေါင်းလောင်း)ကို တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒနှင့် ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူ၊ ဆေးမှူးများ၊ သူနာပြုအရာရှိစစ်သည်များနှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်များ၊ လိုအပ်သော ဆေးဝါးပစ္စည်းကိရိယာတို့ဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများနှင့် အခြားလူနာများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ နေ့ညမပြတ် ကြပ်မတ်ကုသပေးလျက်ရှိသည်။ ယနေ့အထိ အရေးကြီးလူနာ ၃၆ ဦး နှင့် ပြင်ပလူနာဦးရေ ၆၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အဆိုပါ ယာယီဆေးရုံ(ပေါင်းလောင်း)၌ ဘူတန်နိုင်ငံဘုရင်က စေလွှတ်ပေးသည့် ဘူတန်ဆေးကုသရေးအဖွဲ့ ဦးရေ ၄၀ က လည်း လိုအပ်သောဆေးဝါးပစ္စည်းများနှင့်အတူ ပူးပေါင်းပါဝင်၍ လိုအပ်သည့် ဆေးကုသခြင်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါဘူတန်ဆေးကုသရေးအဖွဲ့သည် သီးခြားယာယီဆေးရုံတည်ဆောက်လျက်ရှိပြီး ငလျင်ဒဏ်သင့်လူနာများကို လူသားချင်းစာနာထောက်ထားမှုဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝဓ)

# ပြင်းထန်ငလျင်ဒဏ်ကြောင့် စစ်ကိုင်းတံတား(အင်းဝ) ကျိုးကျပျက်စီးသဖြင့် မန္တလေးနှင့် စစ်ကိုင်းအကြား သွားလာရေးအခက်အခဲကြုံတွေ့နေရမှုအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် မြစ်ကူး ကူးတို့ခရီးစဉ်များ အခမဲ့ပြေးဆွဲခြင်းကို နေ့စဉ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဧပြီ ၃

မတ် ၂၈ ရက် ပြင်းထန်ငလျင်ဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တို့ကို ဆက်သွယ်ထားသည့် ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ)၏ ခုံးတံတားသံပေါင်ခြောက်ခုတို့ ပျက်စီးပြီး မြစ်အတွင်းသို့ပြိုကျသွားခြင်း၊ အလားတူ စစ်ကိုင်းတံတားအသစ်သည်လည်း တံတားပေါ်နှင့် ချဉ်းကပ်လမ်းများ၌ ပျက်စီးမှုအချို့ဖြစ်ပေါ်သဖြင့် ဖြတ်သန်းခွင့်ကန့်သတ်ချက်များရှိနေခြင်းတို့ကြောင့် လူနှင့် ယာဉ်များ ဖြတ်သန်းသွားလာရေးအတွက် အခက်အခဲကြုံတွေ့နေရသည်။

အဆိုပါ အခက်အခဲကို အမြန်ဆုံး ဖြေရှင်းနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မတ် ၃၁ ရက် နံနက်ပိုင်းမှစတင်၍ မန္တလေး (ရွှေကြက်ယက်)ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် "ပြဒါးရှင်"နှင့် "ပြည်သူ" ရေယာဉ်တို့ဖြင့် ခရီးသည်များ အခမဲ့ပို့ဆောင်ပေးခြင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ စီမံကွပ်ကဲမှုဖြင့် ဒေသအတွင်းရှိ ပုဂ္ဂလိကပိုင် "Hey day"၊ "ရွှေဝါလှိုင်" နှင့် "သူရိန်ကျော်စိုးဝင်း" ကုန်တင်တွဲဆွဲရေယာဉ်ကြီးများဖြင့် ကုန်တင်မော်တော်ယာဉ်ကြီးများနှင့် ကယ်ဆယ်ရေးယန္တရားအခမဲ့ယာဉ်ကြီးများကို မြစ်ကူးပို့ဆောင်ခြင်းကို နေ့စဉ်အခမဲ့စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ မြစ်ကူးပို့ဆောင်ခြင်းဖြင့် မတ် ၃၁ ရက်မှ ဧပြီ ၂ ရက်ထိ သုံးရက်အတွင်း စုစုပေါင်းခရီးသည် ၇၉၄ ဦး၊ ကုန်တင်ယာဉ်ကြီး၊ ယန္တရား ၃၅၃ စီး၊ မော်တော်ယာဉ်ငယ် ၁၃၈ စီးနှင့် မော်တော်ဆိုင်ကယ် ၁၂ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် မြစ်ကူးပို့ဆောင်ရေး လိုအပ်ချက်ရှိသည့်အတိုင်း ဆက်လက်၍ အခမဲ့စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတွင် ယနေ့ထိ သေဆုံးသူ ၃၁၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၈၉ ဦးနှင့် ပျောက်ဆုံးသူ ၂၂၁ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၂၆ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံ နှစ်နိုင်ငံမှ လေယာဉ် သုံးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၁၅၄ ဒသမ ၁၇၅ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း၊ပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် ဧပြီ ၃

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့်ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် မွန်ဂိုလီးယားနိုင်ငံ သမ္မတ KHURELSUKH UKHNAA ကလည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် Pak Thae Song ကလည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ANWAR IBRAHIM ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါသဝဏ်လွှာများတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း၊ မြေပြင်တွင် သက်စွန့်ဆံဖျားကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ၏အသက်ကို ကယ်တင်ရန်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အကူအညီပေးရန် နှစ်နိုင်ငံကြားသော်လည်းကောင်း၊ အာဆီယံမှတစ်ဆင့်သော်လည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်နိုင်သည့် အထောက်အပံ့များအားလုံးကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူများကိုယ်စား ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ် များစွာစာနာထောက်ထားပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ယခုကဲ့သို့ ခက်ခဲသည့်အချိန်ကာလကို အမြန်ဆုံးကျော်လွှားနိုင်ပြီး ၎င်းတို့၏လူမှုဘဝကိုပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအား ငလျင်ဒဏ်အပြီး ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပါစေကြောင်း၊ ငလျင်ကျရောက်ရာဒေသမှ ပြည်သူများဘဝ တည်ငြိမ်အေးချမ်းမှုရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ယခုကဲ့သို့သဘာဝဘေးဒဏ်ခံစားနေရသည့်အချိန်ကာလတွင် အာဆီယံသည် မြန်မာပြည်သူများအတွက် မှီခိုအားထားရသည့် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချနိုင်ရန် ရှိနေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးအတွက် ဝမ်းနည်းဖွယ်ကာလတွင် အဖွဲ့အစည်းအားလုံး၏ ကြိုးပမ်းအားထုတ်မှုများသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့အား ကယ်ဆယ်ရေး၊ ခံစားရသည့်နာကျင်မှုများ လျော့ပါးသက်သာရေးနှင့် ထိခိုက်ပျက်စီးခဲ့ရသည့် လူ့အသိုက်အဝန်းများ ပြန်လည်ထူထောင်ရေးအတွက် ဦးတည်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းတို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

မကြာသေးမီက မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သောမြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ အသက်အိုးအိမ်စည်းစိမ်အမြောက်အမြား ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။

မွန်ဂိုလီးယားနိုင်ငံပြည်သူများ ကိုယ်စား မိမိအနေဖြင့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအပေါ် များစွာစာနာထောက်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့သောခက်ခဲသောအချိန်ကာလတွင် မွန်ဂိုလီးယားပြည်သူများအနေဖြင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများနှင့်အတူ တစ်သားတည်း ရပ်တည်လျက်ရှိပါကြောင်းနှင့် ၎င်းတို့၏ စာနာထောက်ထားမှုကို မျှဝေပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာပြည်သူများအနေဖြင့် ယခုကဲ့သို့သော ခက်ခဲသည့်အချိန်ကာလကို အမြန်ဆုံးကျော်လွှားနိုင်ပြီး ၎င်းတို့၏ လူမှုဘဝကို ပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

KHURELSUKH UKHNAA
မွန်ဂိုလီးယားနိုင်ငံ
သမ္မတ

အူလန်ဘာတာ ၂၀၂၅ ခုနှစ် မတ် ၂၉ ရက်

---

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတွင် လှုပ်ရှားခဲ့သည့် အင်အားအဆမတန်ပြင်းထန်သော မြေငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေလျက်ရှိကြောင်း စိတ်မကောင်းဖွယ်ရာကြားသိရသည့်အတွက် အဆွေတော်နှင့် မြန်မာပြည်သူများ အထူးသဖြင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးခဲ့ရသည့် မိသားစုများအတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ငလျင်ဒဏ်အပြီး ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပါစေကြောင်းနှင့် ငလျင်ဒဏ်ကျရောက်ရာဒေသမှ ပြည်သူများဘဝ တည်ငြိမ်အေးချမ်းမှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပတ်သဲဆုန်း
ဝန်ကြီးချုပ်
ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ
ပြုံးယမ်း မတ် ၃၁ ၂၀၂၅

---

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်
ရက်စွဲ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

**အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်အတွက် မလေးနိုင်ငံကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ပျောက်ဆုံးနေသူများလည်း ဘေးကင်းလုံခြုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ မိမိတို့သည် မြေပြင်တွင် သက်စွန့်ဆံဖျား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ၏ အသက်ကို ကယ်တင်ရန် အသင့်ရှိပါသည်။

မလေးရှားနိုင်ငံသည် မြန်မာပြည်သူများနှင့်အတူ ခိုင်မာညီညွတ်စွာလက်တွဲရပ်တည်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အကူအညီပေးအပ်ရန် နှစ်နိုင်ငံအကြားသော်လည်းကောင်း၊ အာဆီယံမှတစ်ဆင့်သော်လည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်နိုင်သည့် အထောက်အပံ့များအားလုံးကို ပေးအပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငလျင်ဒဏ်သင့် မြန်မာပြည်သူများအား ရင်းဂစ် ၁၀ သန်းတန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အမြန်ဆုံးပေးအပ်နိုင်ရန် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့်အားလျော်စွာ အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် ခိုင်မာတောင့်တင်းမှုကို ပြသရန် တာဝန်ရှိပါသဖြင့် မိမိ၏ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်၍ လိုအပ်သည်များ ဆောင်ရွက်ရန် ညွှန်ကြားထားပါသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် အရေးပေါ်လိုအပ်သည့် လူသားချင်းစာနာမှုအကူအညီများနှင့် နည်းပညာအထောက်အပံ့များ ဆောလျင်စွာပံ့ပိုးနိုင်ရေးအတွက် မိမိ၏ အာဆီယံလုပ်ဖော်ကိုင်ဖက်များနှင့်အတူ လုပ်ငန်းစီမံချက်တစ်ခုကို ရေးဆွဲသွားမည်ဖြစ်ပါသည်။ ဧပြီ ၁၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ အလွတ်သဘောအကြံပေးကောင်စီအစည်းအဝေးကို မိမိက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာ အခြေအနေကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ခက်ခဲနေသည့်ကာလတွင် အာဆီယံသည် မြန်မာပြည်သူများအတွက် မှီခိုအားထားရသည့် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချနိုင်ရန်ရှိနေမည်ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းလုံးအတွက် ဝမ်းနည်းဖွယ်ကာလတွင် ကြိုးပမ်းအားထုတ်မှုများအားလုံးသည် ပြည်သူများ၏ အသက်ကယ်ဆယ်ရေး၊ ခံစားနာကျင်မှုများ လျော့ပါးသက်သာရေးနှင့် ထိခိုက်ခံစားရသည့် လူ့အသိုက်အဝန်းများ ပြန်လည်ထူထောင်ရေးအတွက် ဦးတည်ဆောက်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

အန်ဝါအီဗရာဟင်
၂၀၂၅ ခုနှစ် မတ် ၃၀ ရက်

ယမန်နေ့မှအဆက်

# ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၄ | ဆီအုန်း၊ နေကြာစေ့၊ ဝါစေ့၊ ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၁၅ | ဝါကုန်ကြမ်း၊ ဝါအမျိုးမျိုး၊ ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ၊ အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၁၆ | အုန်းဆံချည်ခင်။ |
| ၁၇ | ထင်း၊ ဝါး၊ ကြိမ်အကြမ်းအချော၊ ထင်းအစားထိုး လောင်စာတောင့်။ |
| **ကျောင်းသုံး၊ ရုံးသုံးကုန်စည်များ** | |
| ၁၈ | ချိပ်များ၊ တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ် အပါအဝင်)။ |
| ၁၉ | နိုင်ငံတော်အလံ။ |
| ၂၀ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ခဲတံလုပ်ရန်ခဲဆံ။ |
| ၂၁ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ အခြေခံကျောင်း၊ တက္ကသိုလ်၊ ကောလိပ် အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့်သတင်းစာအမျိုးမျိုး၊ ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 gsm မှ 80 gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး၊ ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၂ | ပရဆေးများ။ |
| ၂၃ | ခြင်ဆေးအမျိုးမျိုး။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံး တစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါ ကူးစက်ခြင်းအား ကာကွယ်ရန်တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါး ကုန်ကြမ်းများ အပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၆ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့်လူမှုရေးသုံးကုန်စည်များ** | |
| ၂၇ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၈ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၉ | စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၃၀ | ပြည်တွင်းပြည်ပ ပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၃၁ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့်အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၂ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၃ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၄ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင် ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲ မျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံးကိရိယာများ)။ |
| ၃၅ | နေရောင်ခြည်စွမ်းအင်များ ထုတ်လုပ်ပေးနိုင်သည့်အချပ်များ [PV Module/ Solar Module / PV Panel / Solar Panel / Solar Panel 92 Watt CIGS (Copper Indium Gallium Selenide)]၊ နေရောင်ခြည်စွမ်းအင်သုံး ပေါင်းစပ်ထိန်းချုပ်ကိရိယာ [PV / Solar (Hybrid / Smart Array) Controller, Charge Controller for PV / Solar]၊ နေရောင်ခြည်စွမ်းအင်သုံး အင်ဗာတာ (စထရင်း/ပေါင်းစပ်/ဘက်ထရီ/နှစ်မျိုးသုံး/ပင်မ) [PV / Solar Inverter (String / Hybrid / Battery / Bidirectional / Central)]၊ အိမ်သုံးတပ်ဆင်မှုပုံစံများ (ခေါင်မိုးနှင့် မြေပြင်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted Structure, Solar /PV Mounted Frames, Solar/ PV Mounted Kits (Roof and Ground Mounted)]၊ နေရောင်ခြည်စွမ်းအင်တပ်ဆင်မှု စနစ် (ရေပေါ်တွင်တပ်ဆင်ခြင်း) [PV / Solar Mounted System (Floating)]၊ နေရောင်ခြည်စွမ်းအင်သုံး ထိန်းချုပ်ကိရိယာနှင့် ဘက်ထရီပုံး [(PV / Solar Controller and Battery Box) (PV / Solar Controller နှင့် Battery တွဲလျက်တင်သွင်းခြင်းအတွက်သာ)]။ |
| ၃၆ | ဘက်ထရီလျှပ်စစ်သုံး သုံးဘီးတပ်ယာဉ်များ၊ နှစ်ဘီးတပ်ယာဉ်များ အပါအဝင် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ [Battery Electric Vehicles (BEVs)]၊ ယင်းတို့၏ ဘက်ထရီများနှင့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် သီးသန့်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။ |
| ၃၇ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန် မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၈ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့် ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၉ | ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၄၀ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၄၁ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၄၂ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏ အဖွဲ့ဝင်များ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှ ဝယ်ယူသည့်ကုန်စည်များ။ |
| ၄၄ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ဝယ်ယူသော ကုန်စည်များ။ |
| ၄၅ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ။ |
| ၄၆ | အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသောကုန်စည်များ။ |
| ၄၇ | ကုန်စည်ချို့ယွင်းပျက်စီးမှုကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ပသို့တင်ပို့၍ ပြင်ဆင်ပြီး ပြန်လည်တင်သွင်းခြင်း (Repair and Return) စနစ်ဖြင့် မူရင်းကုန်စည်၏ အခြေအနေပျက်ယွင်းမှု မရှိဘဲ ပြန်လည်တင်သွင်းလာသော ကုန်စည်များ။ |

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အကူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်-

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ-

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ယင်းတို့၏အဖွဲ့ဝင်များ ရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုထောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂ | ပြည်တွင်းရှိကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းမှရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်စုံတစ်ရာရယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရကဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသော ပုဂ္ဂလိကအသေးစား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | ဘက်ထရီလျှပ်စစ်သုံးယာဉ်များအတွက် ဘက်ထရီအားသွင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၁ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့် ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၂ | နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

ဆက်လက်ဖော်ပြပါမည်

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay. OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်က ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း(Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း၊ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်းဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။


(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**




























# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် လူနေအဆောက်အအုံများတွင် နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ငလျင်ဒဏ်သင့်ဒေသများ၌ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

**နေပြည်တော် ဧပြီ ၃**


၂၀၂၅ ခုနှစ် မတ် ၂၈ ရက် အင်အားပြင်းမြေငလျင်လှုပ်ရှားမှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်၏ တန်ဆောင်းနေရာများ၊ ရင်ပြင်တော်နေရာနှင့် ကျုံးမြို့ရိုးနေရာများတွင် ပြိုကျပျက်စီးမှုအားရှင်းလင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ လူနေအဆောက်အုံများတွင် နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံသားများဘဏ်၌ နိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာများထုတ်ပေးခြင်း၊ ပြည်သူများငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ Mortuary ဌာနတွင် လုပ်ငန်းများဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မန္တလေးမြို့ ibis Styles Hotel သို့သွားရောက်၍ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါရူဟီဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် လိုအပ်သည့် အကူအညီများပေးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါရူဟီတို့သည် တာဝန်ရှိသူများနှင့် အတူ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်၊ ဦးလှသိန်းဗိမာန်၊ မစိုးရိမ်တိုက်သစ်၊ Sky Villa၊ နန်းမြို့ရိုး၊ နန်းမြို့အတွင်းရှိ ပဟိုရ်စင်၊ စွယ်တော်စင်နှင့် အမရပူရမြို့နယ်၊ ဘုံးအိုးကျေးရွာရှိ ဟာဂျီဦးလင်း ဗလီနေရာတို့သို့သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ အေးရိပ်မွန်မိဘမဲ့အမျိုးသမီး စောင့်ရှောက်ရေးကျောင်း၊ မန္တလေးတောင်ခြေရှိ ဇေယျာသီရိ မိဘမဲ့စောင့်ရှောက်ရေးသီလရှင်ကျောင်းနှင့် မန်းတောင်ခြေဘိုးဘွားရိပ်သာတို့သို့သွားရောက်၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန်းတောင်ခြေဘိုးဘွားရိပ်သာအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ဆွာချောင်းတံတား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီးအတွင်း မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၆၅ မိုင်ရှိ ဆွာချောင်းတံတား၊ မိုင်တိုင်အမှတ် ၁၈၂ မိုင် ၆ ဖာလုံ၊ မိုင်တိုင်အမှတ် မိုင် ၁၉၀ ၂ ဖာလုံရှိ မှောက်ခုံချောင်းတံတား၊ မိုင်တိုင်အမှတ် ၁၈၃ မိုင် ၇ ဖာလုံနှင့် မိုင်တိုင်အမှတ် ၁၆၆ မိုင်တို့၌ လမ်း၊ တံတား ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေးခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။



နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ဖောင်တော်ဦးဘုရားတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ်။



ငလျင်ဒဏ်သင့်ဒေသများ၌ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများလှူဒါန်းခြင်း၊ စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံရေးပါတီ ၂၉ ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်

၂၀၂၅ ခုနှစ်၊ ဧပြီလ ၃ ရက်

၁။ ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ကြေညာခဲ့ပါသည်။

၂။ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း ၂၂ ကြိမ် ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

(ခ) လက်ရှိအချိန်တွင် မတ် ၂၈ ရက်တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များလှုပ်ရှားမှုကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

(ဂ) ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက်ထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်လိုက်သည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိသော "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ"ကို အားပေးထောက်ခံပါကြောင်း၊ ၂-၄-၂၀၂၅ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်သည့် "ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်"ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် ၎င်းဆောင်ရွက်ချက်များမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်လိမ့်မည်" ဟု ယုံကြည်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေ | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဒေါ်တင်တင်ရီ | ဥက္ကဋ္ဌ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၁။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၂။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၆။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၇။ | ဦးခိုင်မင်း | ဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၈။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၉။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၂၀။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၁။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၂။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၃။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၄။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၅။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၂၈။ | ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ | |
| ၂၉။ | ဒေါက်တာခင်မောင်ဦး | ဥက္ကဋ္ဌ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက်အမှတ်(၄/ ၂၀၂၅)

၁။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်နှင့် ယင်း၏ နောက်ဆက်တွဲငလျင်များကြောင့် များစွာသောအသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှု ပူဆွေးသောကရောက်မှုများအတွက် ပြည်သူလူထု တစ်ရပ်လုံးနှင့် ထပ်တူစိတ်ထိခိုက်ဝမ်းနည်းကြေကွဲရပါသည်။

၂။ ငလျင်ဒဏ်ခံစားခဲ့ရသောဒေသများတွင် တိုက်တာအဆောက်အအုံများ၊ လူနေအိမ်များ၊ အစိုးရရုံးများ၊ တက္ကသိုလ်များ၊ စာသင်ကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ဘာသာရေးအဆောက်အအုံများ၊ ယဉ်ကျေးမှုဆိုင်ရာအဆောက်အအုံများနှင့် လမ်းတံတား၊ ရေတွင်းရေကန်များပျက်စီးဆုံးရှုံးခဲ့ပါသည်။ အဆိုပါငလျင်လှုပ်ခတ်မှုဖြစ်ပွားချိန်မှစတင်၍ နိုင်ငံတော်အစိုးရ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်တွင်းပြည်ပကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များနှင့် မိဘပြည်သူများက အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်း၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများနှင့် ဆေးဝါးပစ္စည်းစသည်တို့ကို ရက်ရောစွာပေးအပ်လှူဒါန်းခြင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ထောက်ပံ့ပေးခြင်းများသည် ထိခိုက်ခံစားရသူများအတွက် စိတ်ဓာတ်ခွန်အားနှင့် ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လက်တွဲကာ ငလျင်ဒဏ်သင့် ပြည်သူများကို ကူညီပံ့ပိုးရေးအတွက် တတ်နိုင်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထားနားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက် မှ ၂၂ ရက်ထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ်ထုတ်ပြန်ခဲ့ခြင်းသည် ငလျင်ဒဏ်ခံစားရသည့် ဒေသများ၌ အရေးပေါ်လိုအပ်လျက်ရှိသည့် လူသားချင်း စာနာထောက်ထားမှုအကူအညီများပံ့ပိုးကူညီရန် ပိုမိုလွယ်ကူချောမွေ့စေခြင်း၊ တရား ဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူ့အခွင့်အရေးအခန်းကဏ္ဍများကို အထောက်အကူဖြစ်စေခြင်းတို့ကြောင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးထုတ်ပြန်ချက်အား ကော်မရှင်က ကြိုဆိုအပ်ပါသည်။

၄။ ပြင်းထန်ငလျင်ဒဏ်ကြောင့် ပြည်သူများ၏ အသက်အန္တရာယ်နှင့် လုံခြုံမှုထိခိုက်ဆုံးရှုံးခြင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးပစ္စည်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းသောရေအပါအဝင် အခြေခံလိုအပ်ချက်များ လုံလောက်မှုမရှိခြင်းနှင့်အတူ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရခြင်းစသည့် လူ့အခွင့်အရေးနှင့် ဆက်နွှယ်သော စိန်ခေါ်မှုများဖြစ်ပေါ်စေပါသည်။ အဆိုပါစိန်ခေါ်မှုများနှင့်ပတ်သက်၍ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရာတွင် ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် ငလျင်ဘေးထိခိုက်ခံစားရသူများ အားလုံးကိုခွဲခြားဆက်ဆံမှုမရှိဘဲ သာတူညီမျှရှိစေရေး အလေးပေးဆောင်ရွက်ကြပါရန် လူ့အခွင့်အရေး ရှုထောင့်မှ တိုက်တွန်းပန်ကြားအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၂၅ ခုနှစ် ဧပြီ ၄ ရက်

## လျှင်ဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၃

ငလျင်ဒဏ်သင့် ဒေသများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စေတနာရှင်၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အလှူရှင်များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက အလှူငွေကျပ် ၃၈၃၈ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်ထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သတင်းနှင့်လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်/အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဧပြီ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဧပြီ ၃

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၅ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ်နှင့် ဧပြီ ၆ ရက်မှ ၁၁ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်သည်။

(မိုး/ဇလ)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ရောက်ရှိ




တရုတ်နိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီ ပစ္စည်းများ၊ ဆေးဝါး များ ရောက်ရှိစဉ်။

**နေပြည်တော် မေ ၃**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများတင်ဆောင်လာသော Air China လေကြောင်းလိုင်းမှ လေယာဉ်သည် ပေကျင်းလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

၎င်းတွင် တရုတ်နိုင်ငံအစိုးရနှင့်ပြည်သူများက မြန်မာနိုင်ငံရှိ မြေငလျင်ဒဏ်သင့်ဒေသများအတွက် လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများ ဖြစ်ကြသည့် စားသောက်ဖွယ်ရာများ၊ ရွက်ဖျင်မိုးကာတဲနှင့် သောက်ရေသန့်ဘူးစုစုပေါင်း ၆၆၈၀ ထုပ် ၉၀၇၈၇ kg ပါဝင်ပြီး ရန်ကုန်မြို့သို့ရောက်ရှိစဉ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပစ္စည်းများကို လွှဲပြောင်းလက်ခံကြသည်။

ထို့နောက် ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသအစိုးရက ဟောင်ကောင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများကို လှူဒါန်းမည့် ဟောင်ကောင်ဒေါ်လာ ၂ ဒသမ ၁ သန်းကျော် တန်ဖိုးရှိ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ဆိုလာမီးအိမ်များ၊ စောင်များ၊ ဆေးဝါးများ၊ အသင့်စား အစားအစာများနှင့် ရွက်ဖျင်တဲများ ပါဝင်သည့် အရေးပေါ်ပစ္စည်းများ စုစုပေါင်း တန်ချိန် ၂၇ တန် တင်ဆောင်လာသော ဟောင်ကောင်လေကြောင်းလိုင်းမှ Cathay Pacific Cargo Flight သည် ဟောင်ကောင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိ

**နေပြည်တော် မေ ၃**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ပါကစ္စတန်နိုင်ငံမှ My freighter LLC လေကြောင်းလိုင်းမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ တင်ဆောင်လာသော လေယာဉ်သည် မေ ၂ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများတွင် မိုးကာတဲ၊ စောင်၊ တာပေါ်လင်၊ water tank၊ ဆေးဝါးများ၊ (MRE)အသင့်စားအစားအစာများပါဝင်ကာ စုစုပေါင်း ၃၅၄၉၇ kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဗိုလ်မှူးချုပ်စောဆန်နီနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Imran Haider နှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပေးပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ဝေရန် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိစဉ်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိ

**နေပြည်တော် မေ ၃**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့ညနေပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှမြန်မာနိုင်ငံရှိငလျင်ဒဏ်သင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီဆေးဝါးများ တင်ဆောင်လာသော Moalem Aviation လေကြောင်းလိုင်းမှ Cargo Flight (ကယ်ဆယ်ရေးပစ္စည်းတင်) လေယာဉ်သည် အိန္ဒိယနိုင်ငံ ကိုးကတ္တားလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။




ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများ ရောက်ရှိစဉ်။

အဆိုပါကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ မြန်မာနိုင်ငံရှိ မြေငလျင်ဘေးဒဏ်သင့်ဒေသများအတွက် လှူဒါန်းသော ပစ္စည်းများတွင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါး ၁၄၈ ထုပ်၊ ၃၄၅၈၈ Kg ပါဝင်ပြီး ရန်ကုန်မြို့သို့ ရောက်ရှိစဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ လွှဲပြောင်းလက်ခံရေးကွပ်ကဲမှုအဖွဲ့(လေဆိပ်)မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ WHO ရုံးမှ Administrative Officer ဖြစ်သူ Dr Hyon Chon Pak နှင့် တာဝန်ရှိသူများက ပစ္စည်းများကို လွှဲပြောင်းလက်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# UNICEF Myanmar မှ ဖြန့်ဝေမည့် ကယ်ဆယ်ရေးသုံးပစ္စည်းများ ရောက်ရှိ

**နေပြည်တော် မေ ၃**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဒဏ်သင့် ပြည်သူများအတွက် UNICEF Myanmar မှ ဖြန့်ဝေမည့် ကယ်ဆယ်ရေးသုံးပစ္စည်းများ ပါဝင်သော Rom Cargo Airline မှ လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

၎င်းသည် မြန်မာနိုင်ငံရှိ မြေငလျင်ဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် UNICEF Myanmarမှ ဖြန့်ဝေမည့် ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ၄၈၄ ပုံး ၇၈၇၃၆ kg တင်ဆောင်၍ UAE နိုင်ငံ ဒူဘိုင်းမြို့ AI MAKTOWN လေဆိပ်မှ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာခြင်းဖြစ်ပြီး ရန်ကုန်လေဆိပ်သို့ ရောက်ရှိစဉ် UNICEF Myanmar မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံပြီး Air Cargo Terminal သို့ သယ်ဆောင်၍ မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ဒေသများသို့ ပို့ဆောင်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




UNICEF Myanmar မှ ဖြန့်ဝေမည့် ကယ်ဆယ်ရေးသုံးပစ္စည်းများ ရောက်ရှိစဉ်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၈ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၃

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၈ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာ



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၈ ဦး မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံလွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် အထောက်အထား၊ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက်ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၀၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်က ယနေ့ထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၈၇၂၄ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ်စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ လိုက်ဘေးရီးယား၊ ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၄၄ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇ ဒသမ ၅ သိန်းနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၃


မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၂ ရက် နံနက် ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီး ပြင်ဦးလွင်မှ မန္တလေးသို့ ကျော်စွာထွန်း မောင်းနှင်လာသည့် MITSUBISHI CANTER ခြောက်ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဂေါ်ဖီထုပ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၂၀၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိမော်တော်ယာဉ်အား ကျော်စွာထွန်းထံအပ်နှံသူ တင့်လွင်မိုးအား ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀)တွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့် ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ယူဆောင်သူများဖြစ်သည့် ရဲမင်း(ခ)နွားကြီးနှင့် မကေသွယ်မိုးတို့ကို ပြည်ကြီးတံခွန်မြို့နယ် ၁၁၅ လမ်းတွင် FOTON VIEW မော်တော်ယာဉ်တစ်စီးနှင့် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများကို လက်ခံရယူသူ ကိုစိုင်း (ခ)စိုင်းထွန်းအောင်ကျော် (ခ)မောင်အောင်နိုင် (ခ)သားကြီးအား ပြည်ကြီးတံခွန်မြို့နယ် ၆၀ x ၁၀၇ လမ်းထောင့်ရှိ ဟိုတယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ကိုစိုင်း (ခ)စိုင်းထွန်းအောင်ကျော် (ခ) မောင်အောင်နိုင်(ခ) သားကြီးထံသို့ စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ပို့ဆောင်မည့် စောသန့်စင်(ခ) ကိုရဲနှင့် အောင်ကျော်လေး(ခ) ရဲမင်းအောင်တို့နှစ်ဦးကို ပြည်ကြီးတံခွန်မြို့နယ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးထံသို့ စိတ်ကြွရူးသွပ်ဆေးပြားများပို့ဆောင်ရန် လာရောက်လျက်ရှိသည့် လူအေးအား ချမ်းမြသာစည်မြို့နယ် ၁၁၀ လမ်း ၅၄-၅၅ လမ်းကြားရှိ လက်ဖက်ရည်ဆိုင်တွင် ဖမ်းဆီးရမိခဲ့ပြီး ပုသိမ်ကြီးမြို့နယ် လက်ကောင်းရွာသစ်ကျေးရွာရှိ လူအေး၏နေအိမ်နှင့် ခြံဝင်းအတွင်းရှိ ALPHARD ယာဉ်ပေါ်တို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ဒသမ ၅ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၄၄ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ၏ပိုင်ရှင်မှာ စိုင်းနေလင်းထွေး(ခ) လင်းထွေးဖြစ်ကြောင်း၊ စိုးစိုး(ခ) စိုင်းစိုးမြင့်၊ အောင်ကျော်လေး(ခ) ရဲမင်းအောင်နှင့် စောသန့်စင်(ခ) ကိုရဲတို့ထံ စိတ်ကြွရူးသွပ်ဆေးပြားများ လွှဲပြောင်းပေးခဲ့သူမှာ နော်မိန်း (ခ)အောင်နိုင်ဖြစ်ကြောင်း၊ စိုးစိုး(ခ) စိုင်းစိုးမြင့်က တင့်လွင်မိုး၊ အောင်စည်သူ၊ ကျော်စွာထွန်း၊ ရဲမင်း(ခ) နွားကြီးနှင့် မကေသွယ်မိုးတို့ကို အဆင့်ဆင့်သယ်ဆောင်စေပြီး ကိုစိုင်း(ခ) စိုင်းထွန်းအောင်ကျော် (ခ)မောင်အောင်နိုင်(ခ) သားကြီးထံသို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း၊ အလားတူ အောင်ကျော်လေး(ခ) ရဲမင်းအောင်နှင့် စောသန့်စင်(ခ) ကိုရဲတို့နှစ်ဦးမှလည်း နေမျိုးအောင်ချိတ်ဆက်ပေးသည့် လူအေးအား သယ်ဆောင်စေပြီး ကိုစိုင်း(ခ) စိုင်းထွန်းအောင်ကျော်(ခ) အောင်နိုင် (ခ)သားကြီးထံသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက် အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)



တရားခံများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၄၄ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇ ဒသမ ၅ သိန်းနှင့်အတူ ဖမ်းဆီးရမိ



# ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းနှင့် အီး-စီးကရက်သောက်သုံးမှုကို ထိန်းချုပ်ကြပါစို့

စီးကရက်ဘူးခွံပတ်လည်မှာ "**ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းကင်ဆာဖြစ်စေသည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပါသည်။ ဆေးလိပ်တွင်ပါဝင်သော နီကိုတင်း၊ ကတ္တရာနှင့် ကာဗွန်မိုနောက်ဆိုက်တို့သည် နှလုံးရောဂါနှင့် အဆုတ်ရောဂါကို ဖြစ်စေသည်။ ဆေးလိပ်ဖြတ်ပါ။ ဆေးလိပ်တွင် နိုင်ထရိုစမင်း၊ ဘင်ဇိုပိုင်ရင်းစသောကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများပါဝင်သည်။ ဆေးလိပ်ဖြတ်ပါ**" ဆိုတဲ့စာတမ်းတွေကို စီးကရက်ဘူးခွံမှာဖော်ပြထားတာ တွေ့ရပါတယ်။ ဒါပေမဲ့ ဆေးလိပ်သောက်သုံးသူတွေကတော့ ရှိနေဆဲဖြစ်ပါတယ်။

ကျန်းမာရေးပညာရှင်တွေက ဆေးလိပ်မသောက်ကြဖို့အသိပညာတွေပေးနေကြတယ်။ ဆေးလိပ်မှာ ကင်ဆာရောဂါဖြစ်စေနိုင်တဲ့ ဓာတ်ပေါင်းများစွာ ပါဝင်နေပါတယ်။ ဆေးလိပ်သောက်လျှင် ဆေးလိပ်ဖိုးကုန်တယ်၊ ဆေးလိပ်ကြောင့်ရောဂါတွေ ဖြစ်လာပြီး ဆေးကုရတော့ ဆေးဖိုးတွေထပ်ကုန်တယ်။ ကိုယ်တိုင်ဆေးလိပ်မသောက်ပေမဲ့လဲ အခြားလူသောက်တဲ့ဆေးလိပ်ငွေ့ကို ရှူရှိုက်မိသူတွေမှာလဲ ကျန်းမာရေးကိုထိခိုက်စေနိုင်ပါတယ်။

ဆေးလိပ်အမျိုးအစားတွေကို လေ့လာကြည့်တဲ့အခါ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဘီဒီ၊ ဆေးတံနဲ့ရေပြောင်းဆိုတာတွေ တွေ့ရပါတယ်။ အဲဒါတွေကို အငွေ့ထွက်သောဆေးရွက်ကြီးပစ္စည်းများ သုံးစွဲခြင်းလို့ခေါ်ပါတယ်။ ဆေးရွက်ကြီးငုံတာ၊ ကွမ်းယာထဲမှာ ဆေးရွက်ကြီးထည့်စားတာ၊ ဆေးပေါင်း၊ နပ်ဆေး၊ ပြည်ပကလာတဲ့ ဆေးအမျိုးမျိုးနဲ့ ဆေးရွက်ကြီးကို ရေစိမ်ပြီးသောက်တာတွေလဲ ရှိပါတယ်။ အဲဒါတွေကိုတော့ အငွေ့မထွက်သောဆေးရွက်ကြီးပစ္စည်းသုံးစွဲခြင်းလို့ခေါ်ပါတယ်။

ဆေးလိပ်အမျိုးအစားတွေကွဲပြားပေမဲ့ ဆေးလိပ်ထဲကိုထည့်ထားတဲ့ ဆေးရွက်ကြီးမှုန့်တွေကတော့ အတူတူဖြစ်ပါတယ်။ ဆေးပေါ့လိပ်ဟာ ဆေးပြင်းလိပ်၊ စီးကရက်တွေလောက် ဆေးအာနိသင်မပြင်းပေမဲ့ ဆေးရွက်ကြီး၊ ဆေးရွက်ကြီးမှုန့်တွေကို ဆေးလိပ်ထဲထည့်၊ မီးရှို့၊ ရှူရှိုက်ရတာမို့ ဆိုးကျိုးသက်ရောက်မှုက အနည်းနဲ့အများရှိပါတယ်။

**ဆေးရွက်ကြီးသမိုင်းကြောင်း**

ဆေးရွက်ကြီးဟာ တစ်ရာသီခံအရွက်ကြီးမျိုးဖြစ်ပါတယ်။ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၆၀၀၀ ခန့်ကတည်းက အမေရိကတိုက်မှာဆေးရွက်ကြီးစတင်ပေါ်ပေါက်နိုင်ကြောင်း ခန့်မှန်းကြပေမဲ့၊ အမေရိကတိုက်မှလူရိုင်းတွေက ခရစ်တော်မပေါ်မီတစ်နှစ်အလိုမှာ ဆေးရွက်ကြီးစတင်သုံးစွဲလာတဲ့အထောက်အထားတွေတွေ့ရှိခဲ့ပါတယ်။ အဲဒီအချိန်ကဆေးရွက်ကြီးကို ဘာသာရေး၊ လူမှုရေးဆိုင်ရာအခမ်းအနားတွေ၊ နတ်ဘုရားပူဇော်တာတွေနဲ့ ဆေးဝါးအဖြစ် သုံးစွဲခဲ့တာဖြစ်ပါတယ်။ ဆေးရွက်ကြီးကိုဝါးတာ၊ ငုံတာ၊ ရေစိမ်သောက်တာ၊ ဆေးရွက်ကြီးအမှုန့်ကို နှာရှူဆေးအဖြစ်ရှူတာ၊ မီးရှို့ပြီးရှူတာတွေလို နည်းမျိုးစုံနဲ့ အသုံးပြုခဲ့ပါတယ်။ ဆေးရွက်ကြီးငုံတာ၊ ရေစိမ်သောက်တာတွေကတော့ ရှေးအကျဆုံးနည်းလမ်းတွေလို့ဆိုပါတယ်။

ခရစ်နှစ် ၁၄၉၂ ခုနှစ်မှာ ဥရောပတိုက်သားခရစ်စတိုဖာကိုလံဘတ်ဟာ အမေရိကတိုက် ဗဟားမားကျွန်းကိုရောက်တဲ့အခါ ကျွန်းပေါ်မှာနေထိုင်တဲ့ လူရိုင်းတွေက လယ်၊ ယာလုပ်ငန်းတွေကပြန်လာရင် သစ်ရွက်တစ်မျိုးကို မီးရှို့၊ ရှူရှိုက်နေတာကို မြင်တွေ့ခဲ့တယ်။ သူလဲ ရှူရှိုက်ကြည့်တဲ့အခါ နှစ်သက်တာကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီးနဲ့အစေ့တွေကို ဥရောပတိုက်ကို ယူဆောင်လာခဲ့လို့ ဥရောပတိုက်မှာ ဆေးရွက်ကြီး စတင်ရောက်လာခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ဥရောပတိုက်ကနေ ကမ္ဘာ့အရှေ့ခြမ်းကိုရောက်ရှိလာပါတယ်။



၁၆ ရာစုမှာ စပိန်နိုင်ငံ ကာရေဘီယံကျွန်းစုတွေမှာ စိုက်ပျိုးခဲ့တဲ့ ဆေးရွက်ကြီးတွေဟာ အင်္ဂလန်၊ အခြားဥရောပနိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံတွေထိ ကျယ်ပြန့်စွာ လွှမ်းမိုးလာခဲ့ပါတယ်။ အင်္ဂလိပ်လူမျိုးတွေနဲ့ အခြားဥရောပတိုက်သားလူကုံထံတွေကလဲ ဆေးတံသောက်တာကို လူကြီးလူကောင်းတွေရဲ့ဓလေ့အသွင်နဲ့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့ကြပါတယ်။ ခရစ်နှစ် ၁၆၁၂ ခုနှစ် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်မှာ ဆေးရွက်ကြီးတွေ စတင်စိုက်ပျိုးခဲ့ပြီး ၁၀ နှစ်ကြာ အထူးတိုးတက်အောင်မြင်လာကာ ကမ္ဘာ့ဆေးရွက်ကြီးဈေးကွက်ကို လွှမ်းမိုးလာခဲ့ပါတယ်။

၁၉၈၀ ပြည့်နှစ် သုတေသနပြုချက်အရပြုပြင်ထားတဲ့ဆေးရွက်ကြီးမှာ ဓာတုဓာတ် ၃၀၄၀ မျိုးပါဝင်ပါတယ်။ ဆေးရွက်ကြီးမှာ အဓိကအနေနဲ့ နီကိုတင်း၊ နိုက်ထရိတ်၊ အေမင်း၊ ပရိုတင်းနဲ့အယ်လ်ကာလွိုက်တွေပါဝင်ပြီး မီးရှို့လိုက်တဲ့အခါ ဓာတ်ပြောင်းလဲပြီး ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်းတွေ ဖြစ်လာပါတယ်။ တာရှည်ခံအောင်ပြုပြင်လိုက်တဲ့အခါ ပိုလီဆိုင်ကလစ်အေရိုမေတစ်ဟိုက်ဒရိုကာဘွန် ( Poly-cyclic aromatic hydrocarbon) ဓာတ်တွေ၊ စိုက်ပျိုးတဲ့မြေနဲ့လေတို့က ရေဒီယိုသတ္တိကြွပစ္စည်းတွေနဲ့ ကက်ဒ်မီယံ(Cadmiun)ဓာတ်တွေ ပါဝင်ပါတယ်။

**ဆေးလိပ်ငွေ့အန္တရာယ်**

ကိုယ်တိုင်ဆေးလိပ်မသောက်ပေမဲ့ အခြားသူဆေးလိပ်သောက်ရာမှ ထွက်လာတဲ့ ဆေးလိပ်ငွေ့ကြောင့်လဲ ကျန်းမာရေးကို ထိခိုက်စေပါတယ်။ ဆေးလိပ်ငွေ့ကို ပင်မဆေးလိပ်ငွေ့နဲ့ ဘေးထွက်ဆေးလိပ်ငွေ့ဆိုပြီး နှစ်မျိုးတွေ့ရပါတယ်။ ပင်မဆေးလိပ်ငွေ့ဆိုတာ ဆေးလိပ်သောက်သူက ဆေးလိပ်ငွေ့ကိုအစီခံမှတစ်ဆင့်ဖြတ်သန်းပြီး ရှူရှိုက်တဲ့ဆေးလိပ်ငွေ့ဖြစ်ပါတယ်။ ဆေးလိပ်သောက်သူက ရှိုက်ပြီး လေထဲကိုဖွာထုတ်လိုက်တဲ့ဆေးလိပ်ငွေ့ဖြစ်ပါတယ်။ ဘေးထွက်ဆေးလိပ်ငွေ့ဆိုတာကတော့ မီးညှိထားတဲ့ဆေးလိပ်ကနေ ထွက်ပေါ်နေတဲ့အငွေ့ဖြစ်ပါတယ်။ ဆေးလိပ်သောက်သူက တစ်ဖွာနဲ့ တစ်ဖွာကြားမှာ လက်ကြားညှပ်ကိုင်ထားစဉ်နဲ့ မီးညှိပြီး ချထားတဲ့ဆေးလိပ်ကထွက်တဲ့ အငွေ့တွေ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်လေထုအတွင်းမှာရှိနေတဲ့ တစ်ဆင့်ခံဆေးလိပ်ငွေ့မှာ နီကိုတင်းနဲ့ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတ်ပစ္စည်းတွေပိုပြီး ပါဝင်တယ်လို့ လေ့လာသိရှိရပါတယ်။

ဆေးလိပ်မသောက်ပေမဲ့ ဆေးလိပ်သောက်သုံးသူတွေမှထွက်ရှိလာတဲ့ ဆေးလိပ်ငွေ့ကြောင့် သွယ်ဝိုက်တဲ့နည်းလမ်းနဲ့ ရောဂါတွေဖြစ်နိုင်ပါတယ်။ ဆေးလိပ်မသောက်ပေမဲ့ အမှတ်တမဲ့ဆေးလိပ်ငွေ့ကိုရှူရှိုက်မိတတ်ပါတယ်။ ဆေးလိပ်ငွေ့ကြောင့် ခံတွင်းအမြှေးပါးများပျက်စီးခြင်း၊ အဆုတ်အတွင်း၌ အသက်ရှူလမ်းကြောင်းပိတ်ဆို့ကာ ကင်ဆာဖြစ်စေတဲ့ဓာတုပစ္စည်းများ ကျန်ရစ်ခြင်း၊ အဆုတ်အတွင်းကတစ်ဆင့် အစာအိမ်၊ ကျောက်ကပ်၊ ဆီးအိမ် စတဲ့အင်္ဂါအစိတ်အပိုင်းတွေဆီကိုရောက်ရှိကာ ဒုက္ခပေးတတ်ပါတယ်။ ဒါကြောင့် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေနဲ့ ဒေသတွေထူထောင်ဆောင်ရွက်လျက်ရှိပါတယ်။

**အီး - စီးကရက်အန္တရာယ်**

ယနေ့ခေတ်တွင် ဆေးလိပ်အစားထိုး အီး-စီးကရက်တွေအသုံးပြုလာတာကို မြင်တွေ့လာရပါတယ်။ အီး - စီးကရက်ကို လေ့လာကြည့်တဲ့အခါ အရွယ်အစား၊ ပုံစံအမျိုးမျိုးကွဲပြားပေမဲ့ အများစုက ဘက်ထရီတစ်လုံး၊ အပူပေးဒြပ်စင်ကွိုင်၊ ဆေးရည်ထည့်ပြွန်တွေနဲ့ ပြုလုပ်ထားပါတယ်။ အများအားဖြင့် နီကိုတင်းပါဝင်တဲ့အရည်တစ်မျိုးကို အပူပေးလိုက်တဲ့အခါ ထွက်ပေါ်လာတဲ့လေဖိအားနဲ့ အငွေ့ထွက်လာအောင် စီမံထားတာပါ။ စီးကရက်၊ ဆေးပြင်းလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်းတွေထက် အနံ့အရသာကောင်းပြီး အဆင့်အတန်းမြင့်တဲ့ ခံစားမှုပေးတယ်လို့ဆိုပါတယ်။ လူတချို့က ဆေးလိပ်ဖြတ်ဖို့ အစားထိုးသုံးတာဖြစ်လို့ ဆင်ခြေပေးကြပါတယ်။ လူငယ်တချို့က စတိုင်လ်အနေနဲ့ လည်ပင်းမှာ ချိတ်ဆွဲအသုံးပြုနေကြပါတယ်။

အီး-စီးကရက်မှထွက်တဲ့အငွေ့ဟာ ပုံမှန်စီးကရက်မှထွက်တဲ့မီးခိုးငွေ့တွေထက် ဓာတုပစ္စည်းပေါင်း ၇၀၀၀ ရောနှောထားတဲ့အတွက် အဆိပ်အတောက်ဖြစ်စေတဲ့ဓာတုပစ္စည်းတွေ ပိုမိုပါဝင်တယ်။

**ကြီးမားတဲ့ဆိုးကျိုးများ**

ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲသူတွေဟာ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးခုန်မမှန်တဲ့ရောဂါ၊ ချောင်းဆိုးရင်ကြပ်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းရောဂါ၊ ခြေချောင်းနဲ့လက်ချောင်းထိပ်ပုတ်တဲ့ရောဂါတွေဖြစ်တတ်တယ်လို့ သာမန်သိထားရပေမဲ့ ပိုမိုဆိုးဝါးတဲ့ရောဂါတွေကို ခံစားရနိုင်ပါတယ်။ ကိုယ်တိုင်ဆေးလိပ်မသောက်ပေမဲ့ တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် နှလုံးသွေးကြောရောဂါတွေဖြစ်တတ်တာမို့ ထိန်းချုပ်ရေးလုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ဖို့နဲ့ မသုံးစွဲကြဖို့ ဆင်ခြင်သင့်ပါတယ်။

ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများနဲ့ အီး-စီးကရက်သောက်သုံးမှုဟာ ကျန်းမာရေးအတွက် ကောင်းကျိုးလုံးဝမရှိဘဲ ဆိုးကျိုးတွေကိုသာ ခံစားရပါတယ်။ သုံးစွဲမှုကြောင့် ဆက်စပ်ဖြစ်ပေါ်လာတဲ့ရောဂါတွေဟာ ကမ္ဘာတစ်ဝန်းမှာ ကပ်ရောဂါအသွင်နဲ့ တိုးတက်များပြားလာပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းနှင့် အီး-စီးကရက် သုံးစွဲခြင်းက ဆိုးကျိုးသာဖြစ်စေတာကြောင့် အစမလုပ်မိဖို့လိုပါတယ်။ သုံးစွဲ၍ စွဲလန်းသွားရင်ပြန်ဖြတ်ရန် ခက်ခဲပါတယ်။ ဒ့ါပြင် ကျန်းမာရေးကိုပါထိခိုက်နိုင်တာကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းနဲ့ အီး-စီးကရက်သောက်သုံးမှုတွေကို ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်မှုနဲ့ ထိန်းချုပ်သွားကြပါစို့လို့တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **ဆေးလိပ်အန္တရာယ်၊ ဆေးလိပ်ကင်းဝေးရေး စီမံချက်၊ ကျန်းမာရေးဝန်ကြီးဌာန**
- **နေ့စဉ်ထုတ်သတင်းစာများ**

**ကိုယဉ်ချစ်(မန္တလေး)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မော်လိုက် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၃၁၁၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၄၅၈ ဧက နှင့် ဖူးစားပြောင်း ၂၆၅၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၄၁ ဒသမ ၅၆ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် အဖူးရေ ၁၈၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက မော်လိုက်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၃၁၁၃ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ အခုလက်ရှိမှာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေအောင်မြင်ဖြစ်ထွန်းဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်းနှင့် ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများ အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးခူပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးခူပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးခူပိသာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်အတွင်း ငါးခူပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မတ်လအတွင်း ငါးခူပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအပေါ် မူတည်ပြီး ဒီဘက်ကနေ တင်ပို့ရောင်းချနေပါတယ်။ ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးအမျိုးအစားထဲမှာပါပါတယ်။ ငါးခူက အသားပေါတဲ့အတွက် ဝယ်ယူစားသုံးသူတွေကကြိုက်တာပါ။ လက်ရှိမှာလဲ ဝယ်ယူမှုကောင်းနေပါတယ်။ ငါးခူတစ်ပိသာကို ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်" ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် ငါးခူများကို ဒေသတွင်းသာမက ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခူ ၁၀ ပိသာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

စာအုပ်စာပေ လူ့မိတ်ဆွေ

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ ရမှတ်ရှာဖွေဖို့လိုအပ်နေတဲ့ လိုက်ပ်ဇစ်အသင်း၊ အင်တာမီလန်အသင်း၊ အေဗီလာအသင်းတို့ကိုရွေးချယ်ရမှာပါ

M L



လက်ရှိ အမှတ်ပေးပြိုင်ပွဲတွေဟာ ဘောလုံးရာသီပြီးဆုံးဖို့ နီးကပ်လာတာကြောင့် ပြိုင်ပွဲအားလုံးဟာ အကြိတ်အနယ်ရှိလာတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့တစ်ပတ်မှာတော့ ကျန်ထိပ်သီးလိဂ်တွေသာကစားခဲ့ပြီး ပရီးမီးယားလိဂ်ပွဲစဉ်တွေ ရပ်နားခဲ့တာကို တွေ့ရမှာပါ။ အရင်တစ်ပတ်စနေနေ့ညမှာတော့ ပြင်သစ်လီဂူးက လိုင်ယွန်၊ မာဆေးတို့ရှုံးခဲ့သလို ဘွန်ဒက်လီဂါမှာလဲ လိုက်ပ်ဇစ်၊ ဟော်ဖန်ဟိမ်း၊ ဝုဖ်ဘတ်တို့ ရမှတ်ဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ အခုကာလဟာ ကစားသမားအများစု ဒဏ်ရာပြဿနာကြုံတွေ့နေရတာကြောင့် ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းတွေဟာ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ဒါကြောင့် စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာ ကစားသမားစုဖွဲ့မှုကောင်းပြီး အသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

## လိုက်ပ်ဇစ်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လိုက်ပ်ဇစ်နဲ့ ဟော်ဖန်ဟိမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ ဟော်ဖန်ဟိမ်းအသင်းက အိမ်ကွင်းအားသာချက်နဲ့ ကစားခဲ့ရတာကြောင့် လေးဂိုးသုံးဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ လိုက်ပ်ဇစ်အသင်းတိုက်စစ်ကစားပုံကောင်းခဲ့လို့ ဦးဆောင်ဂိုးတွေနဲ့ ဖိအားပေးနိုင်ခဲ့ပေမဲ့ ပွဲကစားချိန် မိနစ် ၈၀ နောက်ပိုင်းမှာ ခံစစ်ကစားပုံကျဆင်းသွားတာကြောင့် လေးဂိုးသုံးဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြ မာကို့ရို့စ်လက်ထက်မှာ ခံစစ်ကစားပုံအားနည်းချက်ကြောင့် ရလဒ်တည်ငြိမ်မှုမရှိဘဲ အမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ရမှတ် ၄၂ မှတ်သာရခဲ့ပြီး အဆင့်(၆) မှာရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ဆိုရင် လာမဲ့ပွဲစဉ်တွေကို ရလဒ်ကောင်းမှ သေချာမှာဖြစ်လို့ အသင်းတာဝန်ရှိသူတွေက နည်းပြမာကို့ရို့စ်ကို ရာထူးကထုတ်ပယ်ခဲ့ပြီး လာမဲ့ပွဲစဉ်ကို လက်ထောက်နည်းပြက တာဝန်ယူသွားမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ တိုက်စစ်မှာ အိုပန်ဒါ၊ ဆက်ကို၊ ပေါ်လူဆန်၊ ဆိုင်မွန်တို့လို ခြေစွမ်းပြကစားသမားတွေ ပိုင်ဆိုင်ထားပေမဲ့ နည်းပြနဲ့ ကစားသမားတွေကြား နားလည်မှုလွဲနေတာကြောင့် ရလဒ်ကျဆင်းခဲ့တာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ နည်းပြ မာကို့ရို့စ် မရှိတာကြောင့် နည်းစနစ်ပိုင်း အပြောင်းအလဲဖြစ်နိုင်တာကြောင့် ဟော်ဖန်ဟိမ်းကိုထိန်းချုပ်နိုင်မှာ သေချာပါတယ်။

ဟော်ဖန်ဟိမ်းအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲသာ အနိုင်ရခဲ့ပြီး သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အမှတ်ပေးပွဲ ၁၇ ပွဲအပြီးမှာတော့ ရမှတ် ၂၇ မှတ်သာရခဲ့တာကြောင့် အဆင့်(၁၄) မှာရောက်နေပြီး တန်းဆင်းဇုန်က ဟီဒန်ဟိမ်းအသင်းနဲ့ ရမှတ်ငါးမှတ်သာ ကွာဟနေတာကို သတိပြုရမှာပါ။ ဒါကြောင့် ဟော်ဖန်ဟိမ်းဟာ နောက်ပိုင်းပွဲတွေမှာ တန်းမဆင်းရဖို့ အစွမ်းကုန်ကြိုးစားနေတာဖြစ်လို့ နောက်ဆုံးခြောက်ပွဲမှာ ရှုံးပွဲတစ်ပွဲသာ ရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရှုံးခဲ့တာက စိန့်ပေါ်လီအသင်းဖြစ်နေတာကြောင့် ဟော်ဖန်ဟိမ်းရဲ့ကစားပုံကလဲ တည်ငြိမ်မှုမရှိသေးဘူးလို့ ဆိုရမှာပါ။ အထူးသဖြင့် ခံစစ်အားပြုကစားပြီး တန်ပြန်တိုက်စစ်ကောင်းတဲ့ အသင်းတွေဆို ထိန်းချုပ်နိုင်ခြင်းမရှိတာကြောင့် ဟီဒန်ဟိမ်း ၊အော့စ်ဘတ် ၊ ယူနီယံဘာလင်၊ လေဗာကူဆင်တို့လိုအသင်းတွေကို ပေးဂိုးတွေများခဲ့တာ သတိပြုရမှာပါ။ ချန်ပီယံလိဂ်ဝင်ခွင့်သေချာဖို့ ရမှတ်လိုအပ်နေတဲ့ လိုက်ပ်ဇစ်အသင်းတိုက်စစ်မြင့်ကစားလာနိုင်တာကြောင့် အခုပွဲမှာ လိုက်ပ်ဇစ်အသင်းကို ရွေးချယ်ရမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၁ | - | ၀ | ဝုဖ်ဘတ် |
| လိုက်ပ်ဇစ် | ၁ | - | ၂ | မိန့်ဇ် |
| ဖရိုင်းဘတ် | ၀ | - | ၀ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၂ | - | ၀ | ဒေါ့မွန် |
| ဂလာဘတ် | ၁ | - | ၀ | လိုက်ပ်ဇစ် |

**ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | စတုဂတ် |
| ဘိုချမ် | ၀ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | ဟီဒန်ဟိမ်း |
| စိန့်ပေါ်လီ | ၁ | - | ၀ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၁ | - | ၁ | အော့စ်ဘတ် |

## အင်တာမီလန်အသင်း အနိုင်ရမှာပါ

စီးရီးအေပွဲစဉ် (၃၁) မှာ အကြိုက်တွေ့မိတာကတော့ ပါးမားအသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပါးမားအသင်းဟာ အခုနှစ်မှ တန်းတက်လာခဲ့ပေမဲ့ ခြေစွမ်းပြကစားသမား ခေါ်ယူနိုင်ခြင်းမရှိတာကြောင့် အမှတ်ပေးပွဲ ၃၀ အပြီးမှာ ရမှတ် ၂၆ မှတ်သာ စုဆောင်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အဆင့် (၁၈) တန်းဆင်းဇုန်က အမ်ပိုလီအသင်းနဲ့ ရမှတ်သုံးမှတ်သာကွာဟနေပြီး ဖိအားအောက်ရောက်နေတာဖြစ်ပါတယ်။ လက်ရှိမှာလဲ အဓိက ကစားသမားတွေအပါအဝင် ကစားသမားခုနစ်ယောက်ထိ ဒဏ်ရာရနေတာကြောင့် ကစားကွက်ပိုင်းအားနည်းချက်ရှိနေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အဘက်ဘက်က ရလဒ်ပိုင်းကျဆင်းနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းငါးပွဲဆက်မှာ ဘိုလော့နာအသင်းကိုသာ မထင်မှတ်ဘဲအနိုင်ရခဲ့ပြီး တိုရီနို၊ ရိုးမား၊ လက်ချီ၊ ဗီနီဇီယာအသင်းတို့ကို နိုင်ပွဲမရခဲ့တာ တွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ကို ဘိုနီဦးဆောင်နေပေမဲ့ သူ့အနေနဲ့ အသင်းကြီးတွေနဲ့ဆို ဂိုးရဖို့ ရုန်းကန်နေရတာကြောင့် အခုပွဲမှာလဲ ရုန်းကန်ရမှာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ နည်းပြအင်ဇာဂီလက်အောက်မှာ ပုံစံကောင်းရနေတာကြောင့် ရလဒ်ပိုင်းကောင်းနေတာကို တွေ့ရမှာပါ။ လက်ရှိ အမှတ်ပေးပွဲ ၃၀ အပြီးမှာလဲ ရမှတ် ၆၇ မှတ်ထိ စုဆောင်းနိုင်ခဲ့လို့ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး အဆင့်(၂) က နာပိုလီကို ရမှတ်သုံးမှတ် ဖြတ်တောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အင်တာမီလန်အသင်းဟာ လက်ရှိချန်ပီယံကို ဆက်လက်ထိန်းသိမ်းနိုင်မဲ့ အခွင့်အရေးရှိနေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်ကိုတက်ရောက်ခဲ့သလို ကိုပါအီတာလီယာ ဖလားပြိုင်ပွဲမှာလဲ ဆီမီးဖိုင်နယ်ထိရောက်ခဲ့တာကြောင့် ဖလားသုံးလုံး လမ်းကြောင်းပေါ်ရောက်နေတာကို တွေ့ရမှာပါ။ လက်ရှိတိုက်စစ်ကို မာတီနက်ဇ်နဲ့ သူရမ်တို့ဦးဆောင်နေပြီး သူရမ်က သွင်းဂိုး ၁၃ ဂိုးနဲ့ ဂိုးသွင်းအများဆုံးဖြစ်နေသလို အင်တာမီလန်အသင်းရဲ့နိုင်ပွဲတွေဟာ သူရမ်ရဲ့ကူညီမှုတွေများနေတာကိုသတိပြုရမှာပါ။ အခုပွဲမှာ မာတီနက်ဇ်အပါ ကစားသမားခြောက်ယောက်ဒဏ်ရာရနေပေမဲ့ မာတီနက်ဇ်နေရာမှာ အန်နာတိုဗစ်ပါဝင်ကစားနေပြီး ခြေစွမ်းပြသနိုင်တာကြောင့် အင်တာမီလန်အသင်း တိုက်စစ်ကျဆင်းသွားခြင်းမရှိပါဘူး။ အခုပွဲမှာ ပါးမားအနေနဲ့ တန်းဆင်းဇုန်ဖိအားရှိနေပေမဲ့ အင်တာမီလန်အသင်းရဲ့ ၃-၅-၂ ကစားကွက်မှာ အသင်းလိုက်ကစားအားကောင်းနေတာကြောင့် ထိန်းချုပ်ဖို့မဖြစ်နိုင်လို့ ပါးမားအသင်းပေးဂိုးမများအောင်သာ ကြိုးစားရမှာဖြစ်လို့ အင်တာမီလန်အသင်း အနိုင်ရမှာပါ။

**ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပါးမား | ၂ | - | ၀ | ဘိုလော့နာ |
| အူဒီးနီးစ် | ၁ | - | ၀ | ပါးမား |
| ပါးမား | ၂ | - | ၂ | တိုရီနို |
| မွန်ဇာ | ၁ | - | ၁ | ပါးမား |
| ဗီရိုနာ | ၀ | - | ၀ | ပါးမား |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီရင်နီ | ၀ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၃ | - | ၂ | မွန်ဇာ |
| အင်တာမီလန် | ၂ | - | ၁ | ဖီရင်နီ |
| အတ္တလန်တာ | ၀ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၁ | အူဒီးနီးစ် |

## အေဗီလာအသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၃၁) မှာအကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ အေဗီလာအသင်းနဲ့ နော်တင်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေဗီလာအသင်းဟာ ဇန်နဝါရီအပြောင်းအရွှေ့မှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်၊ အဆန်စီယို၊ မာလန်းတို့လို ကစားသမားတွေခေါ်ယူနိုင်ခဲ့လို့ ကစားအားကောင်းလာတာကို တွေ့ရမှာပါ။ လက်ရှိအဆင့်(၄) က ချဲလ်ဆီးအသင်းနဲ့လဲ ရမှတ်လေးမှတ်သာ ကွာဟနေတာကြောင့် လာမဲ့ပွဲတွေမှာ ရမှတ်ရှာဖွေနိုင်မယ်ဆို ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့သေချာမှာပါ။ လက်ရှိတိုက်စစ်ကလဲ အကောင်းဆုံးမှာရှိနေလို့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ သွင်းဂိုး ၁၃ ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ တိုက်စစ်ပိုင်းကိုတော့ အိုလီဝက်ကင်းဦးဆောင်နေပြီး သွင်းဂိုး ၁၃ ဂိုးထိသွင်းယူနိုင်တာကြောင့် နော်တင်ဟမ်အသင်း ခံစစ်ကြောင်း ထိန်းချုပ်ဖို့မလွယ်ပါဘူး။

နော်တင်ဟမ်အသင်းဟာ နည်းပြဆန်းတို့စ်လက်ထက်မှာ ပြိုင်ပွဲစုံမှာ ပုံစံကောင်းရနေတာကြောင့် ပြိုင်ဘက်အသင်းတိုင်းက အာရုံစိုက်ကစားနေရတာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲ ၃၀ မှာလဲ ရှုံးပွဲခုနစ်ပွဲသာရှိခဲ့လို့ ရမှတ် ၅၇ မှတ်နဲ့ အဆင့်(၃) မှာရပ်တည်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရဖို့သေချာနေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ တန်ပြန်တိုက်စစ်အားပြုကစားနေပြီး တောင်ပံက အယ်လန်ဂါရဲ့အမြန်နှုန်းနဲ့ တိုက်စစ်မှူးခရစ်ဝုဒ်ရဲ့အဆုံးသတ်ပိုင်းသေချာမှုနဲ့ အမြင့်ဘောကစားတာ ကောင်းမွန်မှုတွေကြောင့် သမိုင်းတစ်လျှောက်ကစားခဲ့တဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ ရလဒ်အကောင်းဆုံးဘောလုံးရာသီလို့ဆိုရမှာပါ။ လက်ရှိမှာ တိုက်စစ်မှူး ခရစ်ဝုဒ် ဒဏ်ရာရသွားတာကြောင့် တိုက်စစ်ပိုင်းဂိုးသွင်းအားကျဆင်းသွားခဲ့လို့ နောက်ဆုံးနှစ်ပွဲမှာ တစ်ဂိုးသာသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ နော်တင်ဟမ်အသင်းအနေနဲ့ တိုက်စစ်မှူး ခရစ်ဝုဒ်နေရာကို အစားထိုးနိုင်တဲ့ ကစားသမားမရှိသေးတာကြောင့် အေဗီလာလိုအသင်းလိုက်ကစားအားကောင်းနေတဲ့ အသင်းကိုတော့ ဂိုးရဖို့မလွယ်နိုင်လို့ အခုပွဲမှာ အေဗီလာအသင်း ရလဒ်ကောင်းမှာပါ။

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရုဂျက် | ၁ | - | ၃ | အေဗီလာ |
| ဘရန့်ဖို့ဒ် | ၀ | - | ၁ | အေဗီလာ |
| အေဗီလာ | ၃ | - | ၀ | ဘရုဂျက် |
| အယ်အိန်း | ၁ | - | ၃ | အေဗီလာ |
| ပရက်စတန် | ၀ | - | ၃ | အေဗီလာ |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၁ | - | ၁ | နေ့ဗ်စ်ချ် |
| နော်တင်ဟမ် | ၁ | - | ၀ | မန်စီးတီး |
| နေ့ဗ်စ်ချ် | ၂ | - | ၄ | နော်တင်ဟမ် |
| ဘရိုက်တန် | ၀ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁ | - | ၀ | မန်ယူ |

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




The Best Quality Tyre

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁/၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်၊ တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းများ၊ တပ်မတော်ပညာရေးကျောင်းများ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ၄ ခွဲတို့အတွက် လိုအပ်သော ဆက်တင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဖျော်ဖြေရေးဆိုင်ရာပစ္စည်းများ၊ ဝတ်စုံပိုင်းဆိုင်ရာပစ္စည်းများ၊ ဓာတ်စင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွံနှင့်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ သင်ထောက်ကူဆိုင်ရာပစ္စည်းများ၊ တူရိယာပစ္စည်းများအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၂၂-၄-၂၀၂၅ ရက် နောက်ဆုံးထား တင်သွင်းနိုင်ပါသည်။ ထိုသို့တင်သွင်းရာတွင် တင်သွင်းသူများအနေဖြင့် တောင်းခံလွှာတစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ် ၀၃၂-၃၀၂၆၉၊ ၀၃၁-၇၄၀၂၀၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၂၇၄၊ ၀၃၃-၇၂၇၈၁၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**




“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှတ်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မယျဥ္စာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ “ပြည့်အင်အားဟာ ပြည်တွင်းမှာသာ ရှိသည်”ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံ နယ်ပယ်နှစ်ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...

❖ လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် နှစ်ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများနှင့် ရေလွှဲဆည်နှင့်တမံများကို လိုက်လံကြည့်ရှုစစ်ဆေး





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး(MCI)အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၃

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အဆောက်အအုံများနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီက ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် ရေလွှဲဆည်နှင့်တမံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ စာမျက်နှာ- ၂၃

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိ စာမျက်နှာ- ၂၆